# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြ ပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၉ ရက်၊

(၂) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်၊

(၄) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၃ ရက်၊

(၅) ဝွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

**မူကြမ်း**

(၆) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၃ ရက်၊

(၇) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၈) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၉) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၁၀) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၁၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၃) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၂ ရက်၊

(၁၄) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၃ ရက်နှင့်

(၁၅) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁ ရက်တို့ ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အလုပ်လက်မဲ့ မြန်မာသင်္ဘောသား အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရန် မြန်မာပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ်(MSF)အနေဖြင့် ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်နှင့် တရားဝင်ဆက်သွယ်စာချုပ် ချုပ်ဆိုဆောင်ရွက်ခွင့် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်တင်ပြမှာကတော့ အလုပ်လက်မဲ့မြန်မာသင်္ဘောသားများ အလုပ်အကိုင်ရရှိစေဖို့အတွက် တိကျရှင်းလင်းတဲ့ မူဝါဒတစ်ရပ်ထုတ်ပြန်ပေးရန် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရရဲ့ မူဝါဒအပြောင်းအလဲနှင့် ပွင့်လင်းမြင်သာတဲ့ ဆောင်ရွက်ချက်တွေကြောင့်မို့လို့ ပြည်ပသင်္ဘောလိုင်းတွေမှာ အလုပ်လုပ်နိုင်ဖို့၊ သင်္ဘောသားလက်မှတ်ရရှိဖို့ လွယ်ကူမြန်ဆန်လာနေပါတယ်။ ဒီကနေ့ နိုင်ငံမှာ သင်္ဘောသားလက်မှတ်ရရှိထားသူ တစ်သိန်းကျော်ခန့်ရှိနေပြီးတော့မှ ၎င်းမှအလုပ်အကိုင်ရရှိထားတဲ့သင်္ဘောသားအရေအတွက်ကတော့ ၂၀၀၀၀ ခန့်သာရှိသေးကြောင်း သိကြပါတယ်။ မြန်မာပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)၏ သတင်းများအရ သိရပါတယ်။ သက်ဆိုင်ရာ ပညာအရည်အချင်းသတ်မှတ်ချက်အရ ပင်လယ်ကူးသင်္ဘောသားများ သင်တန်းများတက်ရောက်ကြပြီးတော့မှ အောင်လက်မှတ်များကိုလည်းပဲ ရယူနိုင်ကြပါတယ်။ အဲဒီနောက် သင်္ဘောသားမှတ်ပုံတင်ရရှိရေးကိုလည်း လွယ်ကူစွာလျှောက်ထားနိုင်ကြပါတယ်။ မြန်မာသင်္ဘောသားအများစုရဲ့ ရိုးသားမှု၊ ကြိုးစားမှု၊ အမိန့်နာခံမှုတို့ကြောင့် ပြည်ပဈေးကွက်မှာ ကောင်းသတင်းကျော်ကြားပြီး နေရာရနေကြောင်းလည်းပဲ သတင်းများရရှိပါတယ်။ သို့သော်လည်းပဲ အလုပ်လက်မဲ့သင်္ဘောသားအရေအတွက်သည် ပို၍များလာနေပါတယ်။ မြန်မာသင်္ဘောသားအများစုကို အလုပ်အကိုင်အများဆုံးပေးလိုတဲ့ အဖွဲ့အစည်းကတော့ ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်ဖြစ်ကြောင်း သိရပါတယ်။ အဲဒီအဖွဲ့အစည်းက မြန်မာ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)နဲ့ စာချုပ်ချုပ်ဆိုကာ သင်္ဘောသားတော်တော်များများခေါ်ယူလိုကြောင်း ကမ်းလှမ်းထားတယ်လို့ သိရပါ

**မူကြမ်း**

တယ်။ သို့သော်လည်းပဲ မြန်မာပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)အနေနဲ့ နိုင်ငံတော်အစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ပတ်သက်လို့ တစ်ပြည်ထောင်မူဝါဒကို လက်ခံကျင့်သုံးနေတဲ့အခါမှာ ထိုင်ဝမ်နဲ့ တရားဝင်ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်ခြင်းသည် အဆိုပါမူဝါဒနှင့် ဆန့်ကျင်မှုဖြစ်/မဖြစ် မဆုံးဖြတ်နိုင်သောကြောင့် အခက်အခဲကြုံတွေ့နေရကြောင်းလည်း တင်ပြလာပါတယ်။ တရုတ်တစ်ပြည်ထောင်မူဝါဒဟာ တကယ်တော့ နိုင်ငံရေးပေါ်လစီသာဖြစ်ပါတယ်။ အလုပ်လက်မဲ့ မြန်မာသင်္ဘောသားများ တရားဝင်စာချုပ်ချုပ်ဆိုစေလွှတ်ဖို့ကတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့သာ သက်ဆိုင်နေပါတယ်။ အမျိုးသားအကျိုးစီးပွားအရ လုပ်ဆောင်သင့်ကြောင်း MSF အဝန်းအဝိုင်းကလည်း ဝေဖန်ငြင်းခုံမှုများ ဖြစ်ပေါ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားစီးပွားရေးနယ်ပယ်တစ်ခုဖြစ်တဲ့ စက်မှုဇုန်အထည်ချုပ်လုပ်ငန်းတွေမှာ ထိုင်ဝမ်နိုင်ငံသားပိုင် အထည်ချုပ်စက်ရုံများဟာ အသွင်အမျိုးမျိုးဖြင့် လာရောက်ရင်းနှီးမြှုပ်နှံသောအတွက်ကြောင့်မို့လို့ ရာပေါင်းများစွာသော မြန်မာအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနေတာကိုလည်းပဲ မျက်မြင်တွေ့နေရပါတယ်။ ဒါ့ကြောင့် အလုပ်လက်မဲ့ မြန်မာသင်္ဘောသားများ၊ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေဖို့အတွက် မြန်မာပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)အနေဖြင့် ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်နှင့် တရားဝင်ဆက်သွယ်စာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ရှိ/မရှိ ရှင်းလင်းဖြေကြားပေးပါရန်လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကန်ပက်လက်မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စားကျွန်တော် ဒုတိယဝန်ကြီး ဦးထင်အောင်က ဖြေကြားသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဟာ အလုပ်လုပ်နိုင်တဲ့ လူငယ်၊ လူရွယ်များ အတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိစေရေး၊ ကျွမ်းကျင်မှုလေ့ကျင့်ပေးရေး၊ အလုပ်သမားများ၏ ရပိုင်ခွင့်များအတွက် အခွင့်အရေးများကာကွယ်ပေးရေး၊ လူမှုဘဝကာကွယ်ပေး ရေး၊ စဉ်ဆက်မပြတ် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ ပြည်တွင်း ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် အလုပ်သမားမှတ်ပုံတင်ပေးခြင်း၊ အလုပ်ရှာဖွေပေးခြင်း၊ ခန့်ထား ပေးခြင်းစတဲ့လုပ်ငန်းတွေကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက နေပြည်တော်ကောင်စီအပါ အဝင် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ခရိုင်နဲ့မြို့နယ်ရုံး ၇၇ ရုံး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး သွားလာရေးခက်ခဲပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ဒေသတွေမှာ Mobile Team ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ပြပွဲ(Job Fair)များပြုလုပ်ဆောင်ရွက်ပေးခြင်းနဲ့ ပြည်တွင်းပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်လိုတဲ့ကုမ္ပဏီများကို အကျိုးဆောင်လိုင်စင်များ ထုတ်ပေးတာတွေကို အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ မြန်မာအလုပ်သမားများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ဖို့အတွက် ၁၉၉၀ ပြည့်နှစ်က စတင်ခွင့်ပြုခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ နိုင်ငံတော်အစိုးရက ရွှေ့ပြောင်း အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပြည်ပတွင် အလုပ်အကိုင်ကြီးကြပ် ရေးကော်မတီကိုဖွဲ့စည်းပြီး ပြည်ပကို မြန်မာအလုပ်သမားများ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရေး၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ရွှေ့ပြောင်းသွားလာမှုစီမံခန့်ခွဲရေး လုပ်ငန်းကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရှိ ပင်လယ်ကူးသင်္ဘောသားများ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စများ၊ အလုပ်အကိုင်ဆိုင်ရာကိစ္စများ၊ မှတ်ပုံတင်မြန်မာပင်လယ်ကူးသင်္ဘော သားများ တာဝန်ထမ်းဆောင်နိုင်ဖို့ လေ့ကျင့်သင်ကြားခြင်းနှင့် သက်ဆိုင်ရာကျွမ်းကျင်မှုလက်မှတ် (Certificate of Competency- CoC)နှင့် တတ်ကျွမ်းမှုလက်မှတ် (Certificate of Proficiency- CoP) ထုတ်ပေးရေးတွေကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနက တာဝန်ယူဆောင်ရွက်နေပါတယ်။

**မူကြမ်း**

မြန်မာပင်လယ်ကူးသင်္ဘောသားများ မှတ်ပုံတင်ခြင်းတွေနဲ့ပတ်သက်လို့ ယခင်က သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်(Continuous Dischar ge Certificate- CDC) ထုတ်ပေးပြီး မှတ်ပုံတင်ခြင်းကိုဆောင်ရွက်နေရာကနေ ၁-၁-၂၀၁၅ ရက်နေ့ကစလို့ မြန်မာပင်လယ်ကူးသင်္ဘောသား မှတ်ပုံတင်စာအုပ်(Seafarer Identification and Record Book- SIRB)ကိုထုတ်ပေးကာ မှတ်ပုံတင်ခြင်းကို ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ ၂၈-၄-၂၀၁၅ ရက်နေ့အထိ SIRB စာအုပ်ထုတ်ယူပြီး မှတ်ပုံတင်ထားတဲ့ မြန်မာပင်လယ်ကူးသင်္ဘောသား စုစုပေါင်း ၅၅၅၀၈ ဦးရှိပါတယ်။ ၂၀၁၅ ခုနှစ် ဧပြီလမှာ SIRB စာအုပ်ထုတ်ယူပြီး မှတ်ပုံတင်ထားတဲ့ မြန်မာပင်လယ်ကူးသင်္ဘောသား ၂၉၀၀၀ ဦးခန့်ဟာ အပြည်ပြည်ဆိုင်ရာသို့ သွားလာနေတဲ့သင်္ဘောတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ နိုင်ငံခြားကုမ္ပဏီများရဲ့သင်္ဘောတွေမှာ သွားရောက်တာဝန်ထမ်းဆောင်မယ့် မြန်မာပင်လယ်ကူးသင်္ဘောသားများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(International Labour Or ganization- ILO) ရဲ့ Maritime Labour Convention- 2006(MLC-2006) သတ်မှတ်ချက်များနဲ့အညီ သင်္ဘောသားများစုဆောင်းခြင်းနှင့် အလုပ်နေရာများချထားခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်(Seafarer Recruitment and Placement Services- SRPS) ထုတ်ပေးထားတဲ့ကုမ္ပဏီများကို ကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့အထိ SRPS လိုင်စင်ထုတ်ပေးထားတဲ့ ကုမ္ပဏီပေါင်း ၁၆၈ ခု ရှိပြီး အဲဒီ SRPS လိုင်စင်ရကုမ္ပဏီတွေဟာ မြန်မာပင်လယ်ကူးသင်္ဘောသားများကို နိုင်ငံခြားကုမ္ပဏီများရဲ့ သင်္ဘောများသို့ စေလွှတ်ရာမှာ MLC 2006 သတ်မှတ်ချက်နဲ့အညီ ပင်လယ်ကူးသင်္ဘောသားများ စေလွှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆို၍ သင်္ဘောသားစေလွှတ်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအချိန်မှာ SRPS လိုင်စင်ရကုမ္ပဏီများနဲ့ စာချုပ်ချုပ်ဆိုထားတဲ့ နိုင်ငံခြားကုမ္ပဏီပေါင်း ၁၇၄ ခုရှိပြီး သင်္ဘောစုစုပေါင်း ၂၆၃၁ စီးကို ပင်လယ်ကူးသင်္ဘောသားများ စေလွှတ်ပေးနေပါတယ်။ အဲဒီလို စာချုပ်ချုပ်ဆိုထားတဲ့ နိုင်ငံခြားကုမ္ပဏီတွေမှာ ထိုင်ဝမ်ကုမ္ပဏီ နှစ်ခု ပါဝင်ပြီး သင်္ဘောစုစုပေါင်း ၂၄ စီးမှာ မြန်မာပင်လယ်ကူးသင်္ဘောသားများကို စေလွှတ်တာဝန်ထမ်းဆောင်စေလျက်ရှိတာကြောင့် လက်ရှိအချိန်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ SRPS လိုင်စင်ရကုမ္ပဏီများက ထိုင်ဝမ်ကုမ္ပဏီများနဲ့ စာချုပ်ချုပ်ဆိုပြီး မြန်မာပင်လယ်ကူးသင်္ဘောသားများ စေလွှတ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ မြန်မာပင်လယ်ကူးသင်္ဘောသားများ အလုပ်အကိုင်

**မူကြမ်း**

ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(International Maritime Organization-IMO)နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(International Labour Organization- ILO) တို့ရဲ့ Convention များပါ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာသွားတဲ့သင်္ဘောတွေမှာ တာဝန်ထမ်းဆောင်တဲ့အခါမှာ အဲဒီ သင်္ဘောမှတ်ပုံတင်ထားတဲ့ နိုင်ငံရဲ့ရေကြောင်းဌာနက ထုတ်ပေးထားတဲ့ ကျွမ်းကျင်မှုလက်မှတ်တွေကို ပြောင်းလဲကိုင်ဆောင်ရတာ ဖြစ်လို့ ကျွမ်းကျင်မှုလက်မှတ်အပြန်အလှန်လဲလှယ်ရေး နားလည်မှုစာချွန်လွှာ (Memorandum of Understanding for Certificate of Recognition) ရေးထိုးထားတဲ့နိုင်ငံတွေမှာ မှတ်ပုံတင်ထားတဲ့ မည်သည့်အပြည်ပြည်ဆိုင်ရာသွားတဲ့ သင်္ဘောများမှာမဆို မြန်မာပင်လယ်ကူးသင်္ဘောသားများကို တာဝန်ထမ်းဆောင်ဖို့ စေလွှတ်ခွင့်ပြုထားပါတယ်။ မြန်မာပင်လယ်ကူးသင်္ဘောသားများအနေနဲ့ ထိုင်ဝမ်မှတ်ပုံတင်ထားတဲ့ အပြည်ပြည်ဆိုင်ရာသွားသင်္ဘောတွေမှာ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ ထိုင်ဝမ်ရေကြောင်းဌာနတို့အကြား ကျွမ်းကျင်မှုလက်မှတ်အပြန်အလှန်လဲလှယ်ရေး နားလည်မှုစာချွန်လွှာ(MOU)ကို လက်မှတ်ရေးထိုးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ် (Myanmar Seafarers Federation-MSF)နဲ့ ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်တို့အကြား တရားဝင်စာချုပ်ချုပ်ဆိုမယ့်ကိစ္စဟာ IMO နဲ့ ILO တို့ရဲ့ Convention ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စီမံကြီးကြပ်မှုအပေါ်မှာ အဟန့်အတားမဖြစ်ဖို့လိုအပ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ မြန်မာပင်လယ်ကူးသင်္ဘောသားများအဖွဲ့အစည်း မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)ဟာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက မှတ်ပုံတင်ခွင့်ပြုထားတဲ့ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့အစည်းများအနက် အသင်းအဖွဲ့တစ်ခုဖြစ်ပါတယ်။ အဲဒီအသင်းအဖွဲ့ဟာ ၁၁-၁၀-၂၀၁၁ ရက်နေ့ကပြဋ္ဌာန်းခဲ့တဲ့ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားတဲ့ အဖွဲ့အစည်းများဖြစ်ပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ မြန်မာပင်လယ်ကူးသင်္ဘောသားများဟာလည်း အဲဒီအဖွဲ့အစည်းအသီးသီးမှာ အဖွဲ့ဝင်တွေဖြစ်ကြပါတယ်။

ဒါ့ကြောင့် ထိုင်ဝမ်ကုမ္ပဏီများရဲ့သင်္ဘောတွေမှာ တာဝန်ထမ်းဆောင်မယ့် မြန်မာပင်လယ်ကူးသင်္ဘောသားများကိစ္စကို ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်သွားဖို့လိုအပ်ပြီး

အခြား ပင်လယ်ကူးသင်္ဘောသား အဖွဲ့အစည်းများဟာလည်း မြန်မာပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ်(MSF)ကဲ့သို့ တရားဝင်ဆက်သွယ်စာချုပ်စာချုပ်ဆိုပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ မည်သည့်ပင်လယ်ကူးသင်္ဘောသားကိုမဆို ထိုင်ဝမ်ကုမ္ပဏီရဲ့သင်္ဘောတွေမှာ တာဝန်ထမ်းဆောင်ခြင်းတွေကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ကျောက်တန်းမြို့နယ်အတွင်းရှိ ကမာကလုတ် ကျေးလက်ကျန်းမာရေးဌာနအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးအောင်ကျော်ခင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နှစ်လုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်း ကမာကလုတ်ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ ဆေးရုံအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ ကမာကလုတ်ကျေးရွာဟာ အိမ်ခြေပေါင်း ၁၂၀၀၊ လူဦးရေ ၅၂၇၀ ဦး မှီတင်းနေထိုင်တဲ့ ကျေးရွာကြီးဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနတစ်ခုကို ကျေးရွာလူထု မတည်ပြီးတော့ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးခဲ့တယ်လို့လည်း သိရှိရပါတယ်။ ကျန်းမာရေးဌာနပိုင် အကျုံးဝင်ကျေးရွာအုပ်စု ငါးရွာပါရှိပြီးတော့ ကျေးရွာခွဲရှစ်ရွာနဲ့ လူဦးရေ ၁၈၄၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ ယခုအခါမှာ ဒေသခံမိဘပြည်သူများအနေနဲ့ ကျေးရွာနဲ့သင့်တော်မယ့် ကျေးလက်ကျန်းမာရေးဌာနကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုလားလျက်ရှိပါတယ်။ အရေးပေါ်လူနာတွေကို ဆေးကုသမှုခံယူရာမှာ ကျေးလက်ကျန်းမာရေးဌာနနဲ့ လုံလောက်မှုမရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ မြွေကိုက်ခံရတဲ့လူနာတွေ၊ သွေးလွန်တုတ်ကွေးလူနာတွေ၊ အန္တရာယ်ရှိ မီးဖွားလူနာ၊ ခွဲစိတ်ရန်လိုတဲ့လူနာတွေကို မြို့နယ်ဆေးရုံနဲ့ ၁၁ မိုင်လောက်ကွာဝေးတဲ့နေရာကို ပုန်အွန်းချောင်းကိုဖြတ်ပြီးတော့ ကူးတို့၊ သမ္ဗန်တို့နဲ့သွားရတဲ့အတွက် အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့

ဒေသခံမိဘပြည်သူများအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနကို (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ပေးရန် မျှော်လင့်လျက်ရှိပါတယ်။ သို့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်မှာရှိတဲ့ ကမာကလုတ်ကျေးလက်ကျန်းမာရေးဌာနအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်မှ တစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်မာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေရန် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်ခင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်မှာ (၂၅) ခုတင်ဆံ့ ကျောက်တန်းမြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှစ်ရုံ စုစုပေါင်းဆေးရုံသုံးရုံ ဖွင့်လှစ်ထားပြီး ကျန်မာရေးစောင့် ရှောက်မှုပေးလျက်ရှိပါတယ်။ ကျောက်တန်းမြို့နယ်၊ ကမာကလုတ်စံပြကျေးရွာအုပ်စုတစ်ခုလုံးအနေနဲ့ လူဦးရေ ၁၈၄၉၄ ဦး၊ အိမ်ခြေ ၄၃၅၉ အိမ်ရှိပြီး၊ ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကားလမ်း ၁၁ မိုင်နှင့် ရေလမ်းအားဖြင့် ၁၂ မိုင်ကွာဝေးတဲ့အတွက် ကမာကလုတ်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ကျိုက်ဒိုမြို့နယ်ခွဲ ပြည်သူ့ဆေးရုံ၏ လစ်လပ်လျက်ရှိသော တာဝန်ခံဆရာဝန်နေရာအတွက် ဆရာဝန်တစ်ဦး အမြန်စေလွှတ်တာဝန်ချထားပေးနိုင်ရန်နှင့် (၁၀)လကြာ ရောက်နှင့်နေပြီးဖြစ်သော ဓာတ်မှန်စက်အသစ်အား အမြန်ဆုံးဖွင့်ဖောက်အသုံးပြုနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးစောထွန်းခေါင်လွင်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းခေါင်လွင်(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းခေါင်လွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိမဲဆန္ဒနယ်မြေဖြစ်သော ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒိုဒေသဟာ ယခုကာလတွင်မှ နယ်မြေဒေသငြိမ်းချမ်းရေး၊ အေးချမ်းမှုအရသာ စတင်ရရှိခံစားရကာ ဖွံ့ဖြိုးတိုးတက်စဒေသတစ်ခုဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုရာခိုင်နှုန်းပြည့် လွှမ်းခြုံနိုင်ရေးအလို့ငှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ မေးမြန်းလိုသည်မှာ (၁) ကျိုက်ဒိုမြို့နယ်ခွဲ ပြည်သူ့ဆေးရုံ၏ အကြိမ်ကြိမ် လစ်လပ်လျက်ရှိသော တစ်ဦးတည်းသောတာဝန်ခံဆရာဝန်နေရာအတွက် ဆရာဝန်တစ်ဦးဦးအား သတ်သတ်မှတ်မှတ် မည်သည့်ကာလတွင် အမြန်ဆုံးစေလွှတ်တာဝန်ချထားပေးနိုင်ရေးနှင့် (၂) ကျိုက်ဒိုဆေးရုံကြီးသို့ ၁၀ လကြာမျှရောက်နှင့်နေပြီဖြစ်သော ဓာတ်မှန်စက်အသစ်အား အမြန်ဆုံးဖွင့်ဖောက် အသုံးပြုလည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မဲဆန္ဒရှင်ဒေသခံတိုင်းရင်းသားများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါ။ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒိုတိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိတဲ့ ဆရာဝန်တစ်ဦးခန့်ထားပေးရေးနဲ့ ပတ်သက်ပြီးတော့ ယခုလက်ရှိအချိန်မှာ အဆိုပါဆေးရုံ၌ ဘားအံပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာမန်းမင်းနိုင်ဦး (ဆမ-၂၈၅၄၂) အား ၉-၄-၂၀၁၅

မှ ၈-၆-၂၀၁၅ အထိ တွဲဖက်တာဝန်ချထားလျက်ရှိပါတယ်။ နောင်အခါတွင် ကရင်ပြည်နယ်အတွင်းရှိ ဆေးရုံကြီးများမှ လက်ထောက်ဆရာဝန်များအား ယခုကဲ့သို့ အလှည့်ကျတွဲဖက်တာဝန်ချထားခြင်း အားဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ မတ်လတွင် ကရင်ပြည်နယ်အတွင်း ခန့်အပ်တာဝန်ချထား ခဲ့သော လက်ထောက်ဆရာဝန်သစ်လွင်များ လုပ်သက်ရလာသောအခါ အမြဲတမ်းတာဝန်ချထားပေး ခြင်းဖြင့်လည်းကောင်း စီမံဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိပါတယ်။

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုင်းဒုံတိုက်နယ်ဆေးရုံရှိ ဓာတ်မှန်စက်အသစ်အား ၃-၁-၂၀၁၅ ရက်နေ့တွင် တပ်ဆင်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ မီးစက်မရှိ၍ အသုံးမပြုနိုင်ခဲ့ပါသဖြင့် 25KVA မီးစက်တစ်လုံးအား ကုသရေးဦးစီးဌာန၏ ၂၇-၄-၂၀၁၅ ရက်စွဲပါစာဖြင့် ထောက်ပံ့ခွင့်ပြုပြီး ဖြစ်ရာ ရန်ကုန်မြို့၊ ဗဟိုဆေးသိုလှောင်ရေးဌာနမှ ပို့ဆောင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပြီး ဓာတ်မှန် စက်အားကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနရုံးတွင် ကျိုက်ဒုံ တိုက်နယ်ဆေးရုံမှ ဝန်ထမ်းတစ်ဦးအား ဓာတ်မှန်ရိုက်အကျဉ်းချုံးသင်တန်း တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**လှိုင်ကော်မြို့နယ်တွင်တည်ရှိသော ဘီလူးချောင်းကူးတံတား(သံတံတား)နှင့် ယှဉ်တွဲတည်ဆောက်ထား သော လူကူးတံတားငယ်အား ဖျက်သိမ်း၍ အသွားတစ်လမ်း၊ အပြန်တစ်လမ်း အသုံးပြုနိုင်ရန် သံတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား ၂၄၀ ပေအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ လှိုင်ကော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သအပ်ပါ တယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ လှိုင်ကော်မြို့တွင် တည်ရှိတဲ့ ဘီလူး ချောင်းကူးတံတား(သံတံတား)ကို မြန်မာ့လျှပ်စစ်စွမ်းအား တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် တည်ဆောက်ထားခြင်းဖြစ်ပြီး ၎င်းတံတားရဲ့ဘေးမှာ ယှဉ်တွဲတည်ဆောက်ထားတဲ့ သစ်သားတံတား လူကူးတံတားငယ်ကို ဖျက်သိမ်းပြီးတော့မှ သံတံတား သို့မဟုတ် သံကူကွန်ကရစ်

တံတား တည်ဆောက်ပေးရန် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်ကော်မြို့ဟာ ကယားပြည်နယ်ရဲ့ မြို့တော်ဖြစ်တာနှင့်အညီ စည်ကားစွာတည်ရှိခြင်း၊ သီရိရတနာ တောင်စျေးသည်လည်းပဲ လွိုင်ကော်မြို့ (၁၃) ရပ်ကွက်ရဲ့ အားကိုးရာ စျေးတစ်စျေးလည်းဖြစ်ပါတယ်။ သံတံတားဟာ ယာဉ်တစ်စီးသာ သွားလာနိုင်တဲ့အတွက် တစ်စီးပြီးမှတစ်စီး စောင့်ဆိုင်းပြီးမှ သွားလာရမှုကြောင့် မော်တော်ယာဉ်ပိတ်ဆို့မှု၊ ဆိုင်ကယ်များပိတ်ဆို့မှု၊ တံတားနှင့် စျေး၊ ဘဏ်များနီးကပ်စွာ တည်ရှိနေခြင်းတို့ကြောင့်လည်းပဲ လူ၊ ယာဉ်၊ ဆိုင်ကယ်သွားလာမှုသည် ယနေ့ခေတ်တွင် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ လွိုင်ကော်မြို့ရဲ့အချက်အချာကျတဲ့ လောပိတလမ်းဟာလည်းပဲ နေ့၊ ညမပြတ်သွားလာမှု အများဆုံးလမ်းလည်းဖြစ်ပါတယ်။ သံတံတားကကျဉ်းကျဉ်း၊ သွားလာမှု အဟန့်အတားတွေကဖြစ်တာကြောင့် အသွားအလာအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရတာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီသံတံတားဟာ လောပိတလျှပ်စစ်ဓာတ်အားအတွက် အသုံးပြုဖို့ဆိုပြီး သုံးခဲ့ရာမှာဆိုရင် ဒီနေ့ အမှတ်(၁)၊ (၂)၊ (၃) စက်ရုံများတည်ဆောက်ပြီးလို့ မြန်မာနိုင်ငံတစ်နံတစ်လျားကိုလည်းပဲ လျှပ်စစ်များပို့လွှတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ သို့အတွက်ကြောင့် သံတံတားကို နှစ်လမ်းသွားနိုင်ရန် သံတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား(လူသွားလမ်းအပါအဝင်) တည်ဆောက်ပေးပါရန် နိုင်ငံတော်အစိုးရအနေဖြင့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ တည်ဆောက်ပေးမယ်ဆိုပါက မည်သည့်အချိန်ကာလတွင်လည်းကောင်း၊ တည်ဆောက်မပေးနိုင်ဘူးဆိုပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ မေးခွန်းအား ရှင်းလင်းတင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ လွိုင်ကော်မြို့ပေါ်မှာရှိတဲ့ ဘီလူးချောင်းကူးတံတား(သံတံတား)ကို ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ

စီမံကိန်းမှ ၁၉၅၆ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၁၉၅၇ ခုနှစ်မှာ ပြီးစီးပြီး ယနေ့အထိ အသုံးပြုလျက်ရှိပါတယ်။ အဆိုပါသံတံတားကနေ လောပိတစက်ရုံအဝင်အထိ ပေ ၇၀ အရှည် ဘေလီတံတားထိပ်အထိ ၁၂ မိုင် ၂ ဖာလုံလမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းအပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ထိန်းသိမ်းသည့်လမ်းအဖြစ် သတ်မှတ်ပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ၅-၉-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/၂-၁၁/၇၊ ရုံးအမိန့်စာအမှတ် (၃၀/၂၀၁၂) ဖြင့် သတ်မှတ်ထားပြီးလည်း ဖြစ်ပါတယ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူသည့်တံတားများမှာ ယခုမေးခွန်းပါ သံတံတားအပါအဝင် လေးစင်းရှိပါတယ်။ ကန္တာရဝတီတံတားကို ၁၉၈၅ ခုနှစ်တွင် သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ သီရိမင်္ဂလာသစ်သားတံတားကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ၆၂၉.၁၂ သန်းကုန်ကျခံပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၅ ခုနှစ်မှာ ဥတ္တရာရုံသစ်သားတံတားကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၈၀၀ ဖြင့် သံကူကွန်ကရစ်တံတားအဖြစ် စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ လက်ရှိအသုံးပြုနေတဲ့ ဘီလူးချောင်းကူးသံတံတားကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၀ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့မှာ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းသံတံတားဘေးမှာရှိတဲ့ လူကူးတံတားငယ်ဖျက်သိမ်းပြီး နှစ်လမ်းသွားလာနိုင်ရန် သံတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား ၂၄၀ ပေအဖြစ်တည်ဆောက်ရန် ပြည်နယ်အစိုးရမှ လတ်တလောဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဘိုကလေးမြို့နယ်တွင် လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်မှု တည်ငြိမ်စွာ ထိန်းချုပ်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြသိန်း၊ ဘိုကလေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြသိန်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘိုကလေးမြို့နယ်ဖြစ်တဲ့ ဘိုကလေးမြို့နဲ့ မြင်းကကုန်း ကျေးရွာကြီးတို့ရဲ့ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေနဲ့စပ်လျဉ်းပြီးတော့ တင်ပြမေးမြန်း သွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိုကလေးမြို့နယ်သည် မဟာဓာတ်အားလိုင်းမှ ပို့လွှတ်သော လျှပ်စစ်ဓာတ်အားကို အလွန်နည်းပါးစွာရရှိသည့် မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားအဝင်ဗို့အား နည်းသည့်အတွက် အိမ်တိုင်းစေ့လျှပ်စစ်ဓာတ်အား မီးမြှင့်စက်များဖြင့် အသုံးပြုကြရပါတယ်။ ထို့အပြင် ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားပို့လွှတ်ရာတွင် အတက်အကျမြန်ဆန်လွန်းပြီး ဗို့အား ၂၀ ခန့်မှ ၂၀၀ ကျော်အထိ ချက်ချင်းမြှင့်တက်ခြင်း၊ ဗို့အား ၂၀၀ ကျော်ခန့်မှ ဗို့အား ၁၀၊ ၁၅ သို့ လျင်မြန်စွာကျဆင်းခြင်းတို့ကို နေ့စဉ်၊ ညစဉ် ကြိမ်ဖန်များစွာ ကြုံတွေ့နေရပါတယ်။ ထိုကဲ့သို့အခြေအနေများကြောင့် လျှပ်စစ်မီးမြှင့်စက်များ၊ မီးသီး၊ မီးချောင်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ မကြာခဏလောင်ကျွမ်းပျက်စီးနေကြောင်းနှင့် လျှပ်စစ်ဓာတ်အား အတက်အကျမြန်ဆန်များပြားမှုကြောင့် ဝါယာရှော့မှတစ်ဆင့် ဖြစ်ပေါ်နိုင်သည့် မီးဘေးအန္တရာယ်ကို ဒေသခံပြည်သူများအနေဖြင့် အလွန်စိုးရိမ်ပူပန်နေကြောင်းတို့ကို သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဘိုကလေးမြို့နယ်တွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်မှု တည်ငြိမ်စွာ ထိန်းညှိပေးနိုင်ရေးတို့ကို မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာ

ပါခင်ဗျား။ ယခု ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၏ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဘိုကလေးမြို့ဟာ ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားတဲ့ ၃၃ ကေဗွီ ကွမ်းခြံကုန်း ဖီဒါပေါ်မှ ဓာတ်အားပေးထားပြီးတော့မှ စုစုပေါင်းလိုင်း မိုင် ၉၃.၇၅ မိုင်ခန့် သွယ်တန်းပြီး ဓာတ်အား ရယူထားပါတယ်။ ဒါကြောင့်မို့လို့ ၃၃ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ ဘိုကလေးမြို့ကို ဓာတ်အားဖြန့်ဖြူးပေးထားပါတယ်။ မြန်မာနိုင်ငံရဲ့တောင်ပိုင်းမှာရှိတဲ့ ဓာတ်အားသုံးစွဲမှု အလွန်များပြားတဲ့ ရန်ကုန်တိုင်းဒေသကြီးရဲ့ ဓာတ်အားစနစ်မှ ၃၃ ကေဗွီဗို့အားအဆင့်ဖြင့်ရယူပြီး ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့၊ ဘိုကလေးမြို့၊ မော်လမြိုင်ကျွန်းမြို့၊ မြင်းကကုန်းမြို့များမှ ဓာတ်အားရယူသုံးစွဲနေပြီးတော့ စုစုပေါင်းဝန်အား ၁၅ မဂ္ဂါဝပ်ခန့်အထိ သုံးစွဲလျက်ရှိပါတယ်။ ၎င်း ၃၃ ကေဗွီဓာတ်အားလိုင်းမှာ သတ်မှတ်အကွာအဝေးထက် ဓာတ်အားလိုင်းမိုင်ရှည်လျားခြင်း၊ သုံးစွဲတဲ့ ဝန်အားပမာဏများပြားခြင်းနဲ့ ဓာတ်အားလိုင်းကြိုးအရွယ်အစား သေးငယ်ခြင်းများကြောင့် ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။

ဘိုကလေးမြို့နယ်အပါအဝင် အထက်ဖော်ပြပါမြို့များအားလုံး ဗို့အားပြည့်ဝပြီး ကောင်းမွန်တဲ့ ဓာတ်အားကို ဖြန့်ဖြူးပေးနိုင်ရေးအတွက် သာမန်ထိန်းသိမ်းပြုပြင်ခြင်း၊ အစားထိုးပြုပြင်တပ်ဆင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီးတော့ ဓာတ်အားပို့လွှတ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုစနစ်ကို တိုးချဲ့တည်ဆောက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားပေးမှုစနစ်ကောင်းမွန်စေရန်အတွက် လှိုင်သာယာဓာတ်အားခွဲရုံမှ ကျိုက်လတ်မြို့အထိ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ၅၅ မိုင်တည်ဆောက်ခြင်းနှင့် ကျိုက်လတ်မြို့အနီးမှာ ၂၃၀/၆၆ ကေဗွီ ၁၀၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းကို ယခုအခါမှာ စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ တာဝါဖောင်ဒေးရှင်းများ စတင်ဆောင်ရွက်လျက်ရှိပြီးတော့ တာဝါတိုင်ပစ္စည်းများလည်း စတင်ရောက်ရှိနေပြီဖြစ်ပါတယ်။ ၎င်းဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၆ ခုနှစ်အတွင်းမှာ အပြီးတည်ဆောက်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံကြီးကို ၂၀၁၆ ခုနှစ်မှာ ပြီးစီးချိန်နှင့်ချိန်ကိုက်ပြီး ၆၆ ကေဗွီ ကျိုက်လတ်- ဖျာပုံ-ဘိုကလေး ဓာတ်အားလိုင်းနှင့် ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ဘိုကလေးဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားထည့်သွင်းခဲ့သော်လည်း နိုင်ငံတော်ရဲ့

ဘဏ္ဍာငွေခွဲဝေပေးမှုအခြေအနေအရ ယခုနှစ်မှာ ပါဝင်နိုင်ခဲ့ခြင်းမရှိပါသဖြင့် နောင်လာမယ့် ဘဏ္ဍာရေးနှစ်များမှာ ရန်ပုံငွေထည့်သွင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လှိုင်သာယာမှ ကျိုက်လတ်မြို့ကို ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ ၅၅ မိုင်နှင့် ၂၃၀/၆၆ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုက်လတ်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမယ့် ၂၀၁၆ ခုနှစ်နှောင်းပိုင်းမှ စပြီး မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ မြင်းကကုန်း စတဲ့မြို့များတွေမှာ ဗို့အားကျခြင်း၊ ဗို့အားအတက်အကျမြန်ခြင်းနှင့် ဓာတ်အားပြတ်တောက်မှု အကြိမ်ရေများခြင်း စသည့် ဓာတ်အားဖြန့်ဖြူးမှုအားနည်းချက်များ ပပျောက်ပြီး ပုံမှန်ဓာတ်အားရရှိသုံးစွဲနိုင်မှာဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူအများစုမှ နိုင်ငံတော်သမ္မတကြီးထံ လက်မှတ်ရေးထိုးကန့်ကွက်နေကြသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အများပြည်သူတို့မှ နိုင်ငံတော်သမ္မကြီးထံသို့ လက်မှတ်ရေးထိုး၍ အသနားခံကန့်ကွက်နေကြသည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ရမ္မဇူဒေသတွင် (၅၀၀) မဂ္ဂါဝပ်၊ မြိတ်ခရိုင် လောလောဆိပ်ကမ်းတွင် (၅၀)မဂ္ဂါဝပ်၊ မြိတ်ကျွန်းစုတနင်္သာရီ ပေါင်းဆုံရွာ မွေရှောင်ကျေးရွာတွင်(၂၆၄၀)မဂ္ဂါဝပ်၊ ကော့သောင်းခရိုင် မဏ္ဍိုင်မြို့နယ်ခွဲ မလက်တိုမြို့တွင် (၂၀၀၀) မဂ္ဂါဝပ်နှင့် ကော့သောင်းမြို့တွင် လက်ရှိဆောက်လုပ်ပြီး (၈)မဂ္ဂါဝပ် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတည်ဆောက်ရန် (MOU)ထိုးထားပြီးနှင့် ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ပြီး စက်ရုံများရှိနေခဲ့ပါပြီ။ ဆောက်လုပ်ပြီး ကော့သောင်းမြို့၏ (၈)မဂ္ဂါဝပ်စက်ရုံ၏ ပတ်ဝန်းကျင်တွင် နေထိုင်သူပြည်သူတို့မှာ စက်ရုံ၏ဘေးထွက်ဆိုးကျိုးများကို စတင်ခံစားနေရပြီဖြစ်ကြောင်းနှင့် စက်ရုံမှ ဆောက်လုပ်ဆဲ မြိတ်မြို့တစ်ဖက်ကမ်း လောလောဓာတ်အားပေးစက်ရုံမှာ တစ်ဖက်နိုင်ငံမှ သွင်းယူလာသည့် စက်ပစ္စည်းအဟောင်းများ နှစ်ကြိမ်တိုင်တိုင် တပ်ဆင်ရာတွင် မအောင်မြင်ဘဲရှိနေသည့်အပြင် အ.မ.က

ကျောင်းနှင့်လည်း ခြံစည်းရိုးတစ်ခုသာ ကွာခြားပြီး ပြည်သူ ၁၃၆၆ ဦးမှ လည်းကောင်း၊ မွေ့ရှောင်ကျေးရွာစီမံကိန်းကို ပြည်သူ ၃၇၄၀ ကျော်မှ နိုင်ငံတော်သမ္မတထံ အသနားခံတင်ပြထားသည့် စီမံကိန်းဖြစ်ပြီး ကျေးရွာပေါင်း ၂၅ ရွာ အိမ်ထောင်စု ၁၂၀၀၊ မြေဧရိယာ ၁၀၀၀၀ ဧကအတွင်းတွင် ဘေးထွက်ဆိုးကျိုးများကို သက်ရောက်စေမည်ဖြစ်ပါတယ်။ ဤစီမံကိန်းများသည် သက်ဆိုင်ရာဒေသခံများမှ သဘောမတူကန့်ကွက်နေကြသည့်အပြင် ငွေကျပ် ၂၇၀ နှုန်းဖြင့် ဒေသခံများကို မျှဝေခံစားစေမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ အဆိုပါစီမံကိန်းများသည် စွမ်းအင်မူဝါဒ (၉) နဲ့လည်း ကိုက်ညီမှုမရှိသည့်အပြင် ဒေသအတွင်းလိုအပ်ချက်မဟုတ်ဘဲ ပြည်ပသို့ တင်ပို့ရောင်းချရန် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များသာဖြစ်ကြောင်းကို သတင်းစာများတွင် ဖတ်ရှုမှတ်သားခဲ့ရပါသည်။ တနင်္သာရီတိုင်းအနေဖြင့် ၂၀၃၀ ခုနှစ်ထိ လျှပ်စစ်စွမ်းအားကို ၁၁၀ မဂ္ဂါဝပ်ကျော်သာ သုံးစွဲရန် လိုအပ်ကြောင်းနှင့် များပြားလှသည့် စက်ရုံစီမံကိန်း၏ ဘေးထွက်ဆိုးကျိုးများကို ဒေသခံများကသာ တွေ့ကြုံခံစားရမည်ကို စိုးရိမ်ပူပန်နေကြရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂညီလာခံကျင်းပနေချိန်တွင် အမေရိကန်နိုင်ငံ Rockefeller မိသားစု၏ Standard ရေနံကုမ္ပဏီမှာ ကျောက်မီးသွေးလုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုကို ထွက်ခွာပြီးဖြစ်ကြောင်းကြေညာပြီးသည့်နောက်ကုမ္ပဏီ ၁၂ ခု၊ ကုမ္ပဏီပေါင်း ၁၈၀၊ ပြည်နယ်အစိုးရများ၊ တစ်သီးပုဂ္ဂလများ ၅၆၄ ဦးတို့ကလည်း လျှော့ချမည်ဖြစ်ကြောင်း ကတိပြုခဲ့ကြပါသည်။ တရုတ်နိုင်ငံမှာလည်း ၂၀၁၅ ခုနှစ်တွင် စက်ရုံပေါင်း ၅၀၀၀ ကျော်ကို ပိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် ၎င်းစက်ရုံများမှ အဟောင်းအပိုင်းအစများ ပြည်တွင်းသို့မရောက်ရှိလာရန်မှာလည်း အလွန်တရာအရေးကြီးလှပါတယ်။ ကမ္ဘာ့နိုင်ငံကြီးများတွင် ကျောက်မီးသွေးစက်ရုံများကို ဖျက်သိမ်းလျှော့ချနေစဉ်တွင် တနင်္သာရီတိုင်းဒေသကြီး၌ ၎င်းစက်ရုံစီမံကိန်းများကို တည်ဆောက်ရန်ကြိုးပမ်းနေသည်ကို ပြည်သူတို့မေးခွန်းထုတ်စရာပုစ္ဆာတစ်ပုဒ်ဖြစ်နေခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ဇောတိက၊ ရဲတံခွန်ဓာတ်ငွေ့လိုင်းများအပြင် ကျွန်းစုမြို့နယ် ကတန်အနောက်ဘက် M-15 တွင် မြန်မာနိုင်ငံ၏အကြီးဆုံးဓာတ်ငွေ့စက်ရုံကြီးတစ်ခု၏ စီမံကိန်းလုပ်ဆောင်မည့်အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဧပြီလအတွင်း မြိတ်မြို့ ပုလဲရတနာခန်းမတွင် ဆွေးနွေးခဲ့ပါသည်။ ၎င်းအပြင် ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားအများအပြားရရှိနိုင်ပါလျက် မေးခွန်းတွင်ဖော်ပြပါ ထိုင်းကုမ္ပဏီနှစ်ခုနှင့် မြန်မာကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိကအကျိုးစီးပွားသည် ပြည်သူတို့ လက်တွေ့ခံစားရမည့်ဒုက္ခကို ထည့်သွင်း

စဉ်းစားသင့်လှပါသည်။ ကျောက်မီးသွေး၏ဘေးထွက်ဆိုးကျိုးကြောင့် India နှင့် China ၏ စက်ရုံ ၈၈၃ မှ သွေးတိုး၊ အဆုတ်ကင်ဆာရောဂါတို့ဖြင့် နှစ်စဉ် လူပေါင်း ၁၀၇၀၀ ခန့် သေဆုံးသူရှိကြောင်း တွက်ချက်ထားကြပါသည်။

သို့ဖြစ်ပါ၍ ဤမျှအန္တရာယ်ကြီးမားလှသည့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့်စီမံကိန်းအား တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူအများစု၏ဆန္ဒအရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ မေးမြန်းတဲ့ မေးခွန်းပေါ်မှာ ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည့်စုံစွာရှင်းလင်းတင်ပြနိုင်ရန် အတွက် Power Point အသုံးပြုခွင့်ပေးပါရန်နှင့် သတ်မှတ်ချိန်ထက် အနည်းငယ်ပိုပြီး ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးဟာ အခြေခံအချက်ဖြစ်ပါတယ်။ ဒေသအလိုက် ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် လုပ်ဆောင်မှသာလျှင် ဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော် လက်ရှိ ဓာတ်အားစနစ်မှာ ဓာတ်အားပေးစက်ရုံပေါင်း ၄၃ ရုံ၊ တပ်ဆင်အင်အား ၄၉၈၀ မဂ္ဂါဝပ်ရှိပြီး အချိုးအစားအားဖြင့် ရေအားလျှပ်စစ်က ၆၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၉ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေး ၂ ရာခိုင်နှုန်းတို့ ပါဝင်နေပါတယ်။ ပြည်တွင်းမှာ ပေါများစွာရရှိနိုင်တဲ့ ရေအားအရင်းအမြစ်ကို အဓိကထား သုံးစွဲခြင်းအားဖြင့် နွေရာသီမှာ ဓာတ်အားမလုံလောက်မှုနှင့်အတူ ဓာတ်အားမတည်ငြိမ်မှုများကို နှစ်စဉ်ကြုံတွေ့ခံစားခဲ့ရပါတယ်။ လက်ရှိ တစ်နိုင်ငံလုံးရဲ့ အိမ်ထောင်စုဦးရေ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိနေပြီးတော့ ကျန် ၇၀ ရာခိုင်နှုန်းဟာ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရန် စောင့်ဆိုင်းလျက်ရှိနေပါတယ်။ ယခုနှစ်မှာ နိုင်ငံတော်ဓာတ်အားစနစ်မှာ သုံးစွဲမှု ယခုအခါမှာ ၂၄၀၀ မဂ္ဂါဝပ်ခန့်ရှိပြီး မကြာမီမှာလည်း ၂၅၀၀ မဂ္ဂါဝပ်ထိတိုးတက်သုံးစွဲလာမယ်ဆိုတာကို ခန့်မှန်းထားပါတယ်။ ဓာတ်အား

လိုအပ်ချက်ဟာ နှစ်စဉ် ၁၃ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းခန့် တိုးတက်နေပြီးတော့ ကျေးလက်ဒေသများ တိုးချဲ့ဓာတ်အားပေးနိုင်ရေးအတွက်လည်း ထပ်မံလိုအပ်လျက်ရှိနေပါသေးတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရေအားလျှပ်စစ်စီမံကိန်းကြီးများကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ပါကလည်း မိုးရာသီမှာ ဓာတ်အားပိုလျှံပြီး နွေရာသီမှာ ဓာတ်အားမလုံလောက်မှုကို ကြုံတွေ့ခဲ့ရမှာဖြစ်ပါတယ်။

သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှာ ဓာတ်အားခကြီးမြင့်ပြီးတော့ သဘာဝဓာတ်ငွေ့ရရှိမှု အကန့်အသတ်ရှိခြင်း၊ တပ်ဆင်အင်အားလုံလောက်စွာတိုးချဲ့တည်ဆောက်ရန် ဖြစ်နိုင်ချေ နည်းပါးလျက်ရှိနေပါတယ်။ ကျောက်မီးသွေးစီမံကိန်းကြီးများမှာတော့ အရင်းအမြစ်လုံလောက်စွာ ရရှိနိုင်ပြီး သင့်တင့်တဲ့ဓာတ်အားခနှုန်းထား ဓာတ်ငွေ့စက်ရုံများထက် နိမ့်ကျလျက်ရှိပါတယ်။ ဓာတ်အားခ စနစ်တည်ငြိမ်ရေးအတွက် အကောင်းဆုံးဖြစ်ပါတယ်။ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အနေနဲ့ နေစွမ်းအင်၊ လေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများဟာ သဘာဝဓာတ်ငွေ့ထိခိုက်မှုနည်းခြင်းနှင့် ကာလတိုအတွင်း ဆောင်ရွက်နိုင်ခြင်း အားသာချက်ရှိသော်လည်းပဲ ဓာတ်အားထုတ်လုပ်နိုင်မှု Efficiency အနေနဲ့ ၂၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိနိုင်တာဖြစ်တဲ့အတွက် အခြေခံဝန်အားကို ထမ်းဆောင်ပြီး ဓာတ်အားဖြစ်နိုင်ခြေမရှိပါဘူး။ ပြီးခဲ့တဲ့ ၂ နှစ်တာကာလကို ပြန်လည်သုံးသပ်မယ်ဆိုရင် နွေရာသီမှာ ဓာတ်အားမလုံလောက်လို့ စက်မှုလုပ်ငန်းများတွင် ဓာတ်အားဖြတ်တောက်ပေးခဲ့ရတဲ့အခြေအနေကို ပြန်လည်စဉ်းစား သိရှိနိုင်မှာဖြစ်ပါတယ်။ ယခုလာမယ့် နွေရာသီအတွက် ဓာတ်အားလုံလောက်မှုရှိနိုင်ပြီဖြစ်သော်လည်း ဓာတ်အားထပ်မံထုတ်လုပ်နိုင်ခြင်းမရှိပါက နောင်လာမယ့်နှစ်တွေမှာ ဓာတ်အားမလုံလောက်မှုကို မလွဲမသွေ ကြုံတွေ့လာနိုင်မှာဖြစ်ပါတယ်။

နွေရာသီဓာတ်အားမလုံလောက်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့၊ ခိုင်မာတဲ့ဓာတ်အားစနစ်ဖြစ်ပေါ်လာဖို့ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA နှင့်ပူးပေါင်းပြီး Electricity Master Plan ကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ပူးပေါင်းလေ့လာမှုများအရ ၂၀၃၀-၂၀၃၁ ခုနှစ်မှာ စက်တပ်ဆင်အင်အား ၂၃၅၉၄ မဂ္ဂါဝပ်အထိ လိုအပ်လာမှာဖြစ်ပြီး မြန်မာနိုင်ငံနှင့် သင့်လျော်တဲ့ ဓာတ်အားထုတ်လုပ်မှုသုံးစွဲရန် ဖြစ်နိုင်ချေရှိတဲ့ မှန်ကန်မျှတတဲ့အရင်းအမြစ် အချိုးအစား ပမာဏကို ဖော်ပြအပ်ပါတယ်။ ရေအားကတော့ ၃၈ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၃၃ ရာခိုင်နှုန်းနဲ့ သဘာဝဓာတ်ငွေ့ ၂၀ ရာခိုင်နှုန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၉ ရာခိုင်နှုန်းစသည်ဖြင့် လေ့လာပြီး စီမံချက်များ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးနဲ့ နိုင်ငံနှင့်အဝှမ်း

ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်အချိုးအစား အလိုက် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ စူးစမ်းဆောင်ရွက်လျက်ရှိရာမှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း မှာ အောက်ဖော်ပြပါဓာတ်အားပေးစက်ရုံစီမံကိန်းလေးခုကိုလည်း ဖြစ်မြောက်နိုင်စွမ်းလေ့လာလျက် ရှိပါတယ်။ ဒါကတော့ တင်ပြပါလေးခုဖြစ်ပါတယ်။ ကော့သောင်းမှာရှိတဲ့ ၈ မဂ္ဂါဝပ်ကျောက်မီးသွေး ဓာတ်အား ပေးစက်ရုံမှာလည်း တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် အကောင်အထည်တည်ဆောက် ပေးပြီးတော့ဒေသတွင် ဓာတ်အားထုတ်လုပ်ပေးနေတဲ့ စက်ရုံတစ်ရုံ ဖြစ်ပါတယ်။ ဓာတ်အားစနစ် ချိတ်ဆက်နိုင်မှုမရှိခြင်းကြောင့် ဒီဇယ်ဂျင်နရေတာများနှင့် လျှပ်စစ်မီးပေးရာမှာလည်း ဓာတ်အားခ တစ်ယူနစ်ကို ၆၀၀ ကျပ်မှ ၇၀၀ ကျပ်အတွင်း အသီးသီးပေးဆောင်နေရပြီး ဓာတ်အားခကြီးမြင့်မှုဒဏ် ကို ဒေသခံတွေ ကြုံတွေ့ခံစားလျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံး ဓာတ်အားရရှိရေးစီမံချက်အရ တနင်္သာရီတိုင်းဒေသကြီး ဓာတ်အားရရှိနိုင်ရေးအတွက် မဟာ ဓာတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်မှာ မော်လမြိုင်-ရေး-ထားဝယ်-မြိတ်အထိ ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအားလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ထားဝယ်-မြိတ် ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ မြိတ်-ဘုတ်ပြင်း-ကော့သောင်းဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများကိုလည်းကောင်း အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိပါတယ်။

အလျဉ်းသင့်လို့ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ရာမှာ တွေ့ရှိ ရမယ့်အခြေအနေများကို အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ လက်ရှိအခြေအနေမှာ မဟာ ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်နိုင်မယ့် အနီးဆုံးဓာတ်အားခွဲရုံမှာ မော်လမြိုင်မြို့ဓာတ်အားခွဲရုံဖြစ်ပြီး တော့မှ ရေး-ထားဝယ်-မြိတ်-ကော့သောင်းအထိ မိုင် ၆၀၀ ကျော် ရှည်လျားပါတယ်။ အဲဒီလောက် ရှည်လျားတဲ့ဓာတ်အားလိုင်းအတွက် နည်းပညာပိုင်းဆိုင်ရာဓာတ်အားပျောက်ဆုံးမှု လျော့နည်း သက်သာစေရန်နှင့် ဓာတ်အား၊ ဗို့အားတည်ငြိမ်မှုရရှိရန် ၅၀၀ ကေဗွီမဟာဓာတ်အားလိုင်းစနစ်ကို တည်ဆောက်ရန်ဖြစ်ပါတယ်။ သို့သော်လည်းပဲ တနင်္သာရီတိုင်းရဲ့ ဓာတ်အားသုံးစွဲမှုပမာဏအရ ကုန်ကျစရိတ်သက်သာစေရန်နှင့် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ၂၃၀ ကေဗွီ ဗို့အားအဆင့် မဟာဓာတ်အားလိုင်းသာ စီမံဆောင်ရွက်ဖို့ သင့်တော်ကြောင်းတွေ့ရှိရပါတယ်။

**မူကြမ်း**

ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရန် မဟာဓာတ်အားလိုင်းတည်ဆောက်ပြီးပါကလည်း ဗို့အားတည်ငြိမ်မှုရှိစေရန်၊ ထိန်းချုပ်မှုကွပ်ကဲမှုလွယ်ကူစေရန်နှင့် ဒေသအတွင်း လုံလောက်တဲ့ ဓာတ်အားထုတ်လုပ်ရန်၊ မဟာဓာတ်အားလိုင်းတည်ဆောက်ပြီးပါက အဲဒီဓာတ်အားလိုင်းပေါ်မှာ ဗို့အား မကျဖို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာလည်း ဓာတ်အားစနစ်ကိုအထောက်အကူပြုဖို့၊ ဓာတ်အား ပေးစက်ရုံတွေတည်ဆောက်ဖို့ မလွဲမသွေလိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ တနင်္သာရီတိုင်းဒေသကြီးရဲ့ အမှန်တကယ် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၁၁၀ မဂ္ဂါဝပ်ခန့်မှန်းခြင်းဟာ လတ်တလောအခြေအနေအတွက် လုံလောက်ခြင်းဖြစ်သော်လည်းပဲ ကာလရှည် ၂၀၃၀ အထိနှင့်နောက်ပိုင်းကာလတို့မှာ တိုးတက်သုံးစွဲ လာမယ့်ဓာတ်အားလိုအပ်ချက်များကို လုံလောက်မှုရှိနိုင်မယ်မဟုတ်ပါဘူး။ ဒ့ါအပြင် တနင်္သာရီတိုင်း ဒေသကြီးအတွင်းမှာရှိတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြစ်တဲ့ ထားဝယ်ရေနက်ဆိပ်ကမ်း အထူး စီးပွားရေးဇုန်စီမံကိန်းများ၊ မြိတ်ရေနက်ဆိပ်ကမ်းစီမံကိန်းကြီးများနှင့် ဒေသတွင်းစက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်လာနိုင်တဲ့အခြေအနေတွေကို မျှော်မှန်းပြီးတော့မှ လျှပ်စစ်ဓာတ်အားပံ့ပိုးပေးနိုင်ရေး စီမံ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒါမှသာ ဒေသအတွင်း သင့်တင့်တဲ့ဓာတ်အားခနှုန်းထားနှင့် ရယူသုံးစွဲ နိုင်ကြမယ့်အပြင် စီးပွားရေး၊ လူမှုနေထိုင်ရေး၊ ဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အထောက်အကူဖြစ်နိုင်မှာ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျောက်မီးသွေးသုံးစက်ရုံစီမံကိန်း များဟာ လက်ရှိအခြေအနေမှာ စီမံကိန်းဖြစ်မြောက်နိုင်မှုရှိ/မရှိ လေ့လာစူးစမ်းတဲ့အဆင့်သာ MOU ရေးထိုးထားခြင်းဖြစ်ပါတယ်။ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ လေ့လာစိစစ်ပြီးတော့မှ Clean Coal Technology ကို အခြေခံပြီး နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်မယ့် ကမ္ဘာ့ဘဏ်ရဲ့စံနှုန်းသတ်မှတ်ချက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ ကို လိုက်နာမယ့်အပြင် ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများ အသေးစိတ်သတ်မှတ် ပြဌာန်းပြီးပါကလည်း ပြဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။

စီမံကိန်းတည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မယ့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် အကျိုးသက်ရောက်မှုများအတွက် အသေးစိတ်လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှု

ဝန်းကျင်အကျိုးသက်ရောက်မှုအစီရင်ခံစာကို ပြုစုပြီး သတ်မှတ်ချက်များ၊ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ကိုက်ညီမှုရှိ/မရှိ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို ပေးပို့အစစ် ဆေးခံရပါမယ်။ နည်းပညာအစီရင်ခံစာနှင့် ESIA အစီရင်ခံစာများအပေါ်မှာ အဖက်ဖက်မှ စိစစ် သုံးသပ်ပြီး လက်ခံနိုင်တဲ့အခြေအနေရှိမှသာလျှင် ဖြစ်မြောက်နိုင်စွမ်းရှိတဲ့စီမံကိန်းတစ်ခု အတည်ပြု ပေးမည်ဖြစ်ပါတယ်။ ဓာတ်အားခနှုန်းထားနှင့်ပတ်သက်၍ ဖြစ်မြောက်နိုင်စွမ်းအတည်ပြုပေးမှသာ လျှင် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိ/မရှိ ပြန်လည်စိစစ်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ရင်းနှီး မြှုပ်နှံမည့်ပမာဏ၊ ကုန်ကျစရိတ်၊ ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏတို့အပေါ်မှာ အခြေခံပြီးတော့မှ ဓာတ်အားခနှုန်းထားကို စိစစ်သတ်မှတ်သွားပါမယ်။ အခုအချိန်မှာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ လေ့လာစိစစ်ဆဲဖြစ်သဖြင့် ဓာတ်အားခနှုန်းထားကို စိစစ်သတ်မှတ်ရခြင်းလည်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

အလျဉ်းသင့်လို့ ကမ္ဘာ့နိုင်ငံကြီးများမှာ နှစ်ကာလကြာကလည်းက တည်ဆောက်ခဲ့ကြပြီး ခေတ်မမီတဲ့နည်းပညာများ သုံးစွဲခဲ့ပြီး ရပ်တန့်ရန်စီမံချက်ချ ဆောင်ရွက်နေတဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများဟာ ကမ္ဘာ့ဘဏ်ရဲ့ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိတဲ့ နည်းပညာ၊ အဆင့်အတန်းမမီတဲ့ စက်ရုံဟောင်းများသာ ဖြစ်ပါတယ်။ အဆိုပါစက်ရုံများရဲ့ ပိတ်သိမ်းပြီးတော့ အစိတ်အပိုင်းများကို အသုံးပြုခြင်းဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြဋ္ဌာန်းတဲ့ ကမ္ဘာ့ဘဏ်ရဲ့ စံချိန် စံညွှန်းကို ရရှိဆောင်ရွက်နိုင်မယ့် အခြေအနေမရှိပါဘူး။ ပိတ်သိမ်းတဲ့စက်ရုံအစိတ်အပိုင်းများကိုလည်း အသုံးပြုဆောင်ရွက်ပါကလည်း လည်ပတ်ခွင့်ပေးမှာမဟုတ်တဲ့အပြင် ပိတ်သိမ်းခံရမှာပဲဖြစ်ပါတယ်။ နိုင်ငံတကာမှာ Clean Coal Technology ကို အသုံးပြုပြီး ကျောက်မီးသွေးသုံးဓာတ်အား ပေးစက်ရုံများကို လူနေရပ်ကွက်များအတွင်းမှာလည်းကောင်း၊ လူနေထူထပ်တဲ့ မြို့လယ်ဒေသများနှင့် နီးကပ်စွာ တည်ဆောက်၍လည်းကောင်း ဓာတ်အားထုတ်လုပ်လျက်ရှိနေတာကိုလည်း လေ့လာသိရှိ နိုင်ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ဒေသခံဘုန်းတော်ကြီး သုံးပါး၊ ဒေသခံပြည်သူ ခြောက်ဦး၊ သတင်းမီဒီယာလေးဦး၊ ပြင်ပပညာရှင်တစ်ဦး၊ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦးပါဝင်တဲ့ လေ့လာရေးအဖွဲ့ဟာ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံများမှာရှိတဲ့ ကျောက်မီးသွေး စက်ရုံများကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး

ရေးပါတီမှတစ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှတစ်ဦး၊ ပြည်တွင်းလုပ်ငန်းရှင်အသင်းမှနှစ်ဦး၊ ပြင်ပပညာရှင်တစ်ဦး၊ MITV၊ Sky Net၊ MRTV-4၊ Myanmar Times စတဲ့ သတင်းဌာနများမှကိုးဦး၊ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦးတို့ဟာ ဂျပန်နိုင်ငံမှာရှိတဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံများကိုလည်းကောင်း မျက်မြင်သွားရောက်လေ့လာခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ လေ့လာခဲ့ကြတဲ့ ကိုယ်စားလှယ်များကိုလည်း အဆိုပါကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို လက်သင့်ခံနိုင်မှု ရှိ/မရှိ တွေ့ဆုံဆွေးနွေးနိုင်ပါတယ်။ ထပ်မံ၍လည်း သွားရောက်လေ့လာနိုင်ရန်အတွက် စီစဉ် ဆောင်ရွက်လျက်ရှိနေတာကိုလည်း ကြားသိရမှာ ဖြစ်ပါတယ်။ ဓာတ်အားပေးစက်ရုံများ တည်ဆောက် ပြီးစီးပါကလည်း ထွက်ရှိလာမယ့် ဓာတ်အား အားလုံးကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးသုံးစွဲနိုင်ရန် ဝယ်ယူသွားမှာဖြစ်ပါတယ်။ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများမှ ရရှိလာမည့် နှစ်စဉ် အသားတင်အကျိုးအမြတ်ကနေပြီးတော့မှ အနည်းဆုံးနှစ်ရာခိုင်နှုန်းကို လူမှုစီးပွားဘဝရန်ပုံငွေအဖြစ် ထူထောင်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံများရဲ့ လူမှုစီးပွားဘဝတိုးတက်ရေး အတွက် ထိုရန်ပုံငွေကနေပြီးတော့မှ ထုတ်နုတ်သုံးစွဲသွားမှာလည်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် တို့ ဓာတ်အားလိုအပ်ချက်အတွက် နှစ်စဉ် ၂၀၃၀ ခုနှစ်အထိ အများဆုံးသုံးစွဲနိုင်တဲ့ တင်ပြချက်ဖြစ်ပါ တယ်။ ၂၀၃၀ ခုနှစ်မှာ အနည်းဆုံး ၉၀၀၀ မဂ္ဂါဝပ်ကနေ ၁၄၅၄၂ မဂ္ဂါဝပ်အထိ ဒါအမှန်တကယ်သုံးစွဲ မှာဖြစ်ပါကြောင်း လေ့လာတင်ပြထားပါတယ်။

အာရှနိုင်ငံများမှာ Clean Coal Technology ကို အသုံးပြုပြီးတော့ တရုတ်နိုင်ငံ ကျောက်မီးသွေး ၇၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ ၆၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှာ ၂၆.၆ ရာခိုင်နှုန်းနှင့် အချိုး အစားများကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကတော့ အာဆီယံနိုင်ငံအချို့ရဲ့ အရင်းအမြစ်အချိုးအစား ဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ ကျောက်မီးသွေး ၄၅ ရာခိုင်နှုန်း၊ လာအိုနိုင်ငံမှာ ကျောက်မီးသွေး ၄၉ ရာခိုင်နှုန်း သူတို့လျာထားခြင်းကို လေ့လာတင်ပြအပ်ပါတယ်။

အာဆီယံနိုင်ငံအချို့ရဲ့ လျှပ်စစ်စွမ်းအင်ရည်မှန်းချက်က အင်ဒိုနီးရှားနိုင်ငံမှာ ၂၀၁၀ မှာ ၃၅ ရာခိုင်နှုန်းကနေ ၂၀၂၀ မှာ ၅၈ ရာခိုင်နှုန်း ကျောက်မီးသွေး လျာထားခြင်းဖြစ်ပါတယ်။ မလေးရှား နိုင်ငံမှာ လက်ရှိ ၂၀၁၀ မှာ ၃၇ ရာခိုင်နှုန်းကနေ ၂၀၂၀ မှာ ၄၀ ရာခိုင်နှုန်း လျာထားခြင်းကို လေ့လာ တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အမေရိကန်နိုင်ငံမှာ လက်ရှိကျောက်မီးသွေး ၃၇.၄ ရာခိုင်နှုန်း အရင်းအမြစ်အချိုးပါဝင်နေကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ သွားရောက်လေ့လာခဲ့ တဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကနေပြီးတော့မှ အဖွဲ့သွားရောက်

လေ့လာခြင်းဓာတ်ပုံဖြစ်ပါတယ်။ ဒါကကျောက်မီးသွေးအရင်းအမြစ်ပါဝင်မှု စဉ်းစားထားတာကို တင်ပြအပ်ပါတယ်။ ၂၀၁၅ မှာ ကျွန်တော်တို့နိုင်ငံမှာ ယခုနှစ်ရာခိုင်နှုန်းသာရှိပြီး ၂၀၂၀ မှာ ၂၁ ရာခိုင်နှုန်းနှင့် ၂၀၃၁ မှာ ၃၃ ရာခိုင်နှုန်း ဒီလိုအရင်းအမြစ်အချိုးပါဝင်မှသာလျှင် ကျွန်တော်တို့ ၂၀၃၀ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စက်တပ်ဆင်အင်အား ၂၃၅၉၄ မဂ္ဂါဝပ်ကို ပြည့်မီစွာတပ်ဆင်နိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီးများအနေနဲ့ ယခုကျင်းပဆဲ လွှတ်တော်များမှာ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ဆောင်ရွက်ခြင်းမပြုရန် ကျောက်မီးသွေးစီမံကိန်းများကိုလည်း ဖျက်သိမ်းပေးနိုင်ရေး မေးမြန်းတိုက်တွန်းရန်နှင့်အတူ တစ်ဖက်မှာလည်းပဲ နိုင်ငံနှင့်အဝှမ်း ကျေးလက်ဒေသများအထိ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ပေးဖို့ တောင်းဆိုမှုများ၊ တိုက်တွန်းမှုများရှိနေပါတယ်။ တစ်နိုင်ငံလုံး ဓာတ်အားရရှိရေးအတွက် ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်မှုမရှိပါက လက်ရှိနွေရာသီမှာ ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏ ဒီကနေ့မှာ ၂၅၀၀ မဂ္ဂါဝပ်သာရှိတဲ့အတွက်ကြောင့်မို့လို့ နောင်ဓာတ်အားပေးစက်ရုံများ မတည်နိုင်လို့ရှိရင်တော့ ဓာတ်အားမလုံလောက်မှုများ ဓာတ်အားမရရှိသေးတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ ပြည်သူများကို ဓာတ်အားတိုးချဲ့ပေးနိုင်ဖို့ မပြုနိုင်သကဲ့သို့ လက်ရှိဓာတ်အားရရှိပြီးသား ဓာတ်အားသုံးစွဲနေတဲ့ သူတွေကိုလည်း စဉ်ဆက်မပြတ် ၂၄ နာရီ တစ်နှစ်ပတ်လုံး အပြည့်အဝ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် မဟုတ်သည်ကိုလည်း ကိုယ်စားလှယ်ကြီးများအား သိရှိနားလည်မည်ဟု ယုံကြည်မိပါတယ်။

ဒါကြောင့် နိဂုံးချုပ်အားဖြင့်တော့ ၂၀၃၀-၂၀၃၁ ခုနှစ်မှာ တစ်နိုင်ငံလုံး ကျေးလက်ဒေသမကျန် ဓာတ်အားရရှိနိုင်ရေးအတွက် တပ်ဆင်ရမယ့် စက်တပ်ဆင်အင်အား ၂၃၅၉၄ မဂ္ဂါဝပ်ရှိတဲ့ စက်များ တပ်ဆင်အင်အားကို တည်ဆောက်နိုင်ဖို့ တည်ငြိမ်သောလျှပ်စစ်ဓာတ်အား၊ မှန်ကန်သော အရင်းအမြစ် အချိုးအစားဖြင့် ဓာတ်အားထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိပါတယ်။ သဘာဝဓာတ်ငွေ့သုံးစီမံကိန်းများ၊ လေအား၊ နေအားစီမံကိန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ Clean Coal Technology ကို အသုံးပြုပြီး ကျောက်မီးသွေးသုံး ဓာတ်အားပေးစီမံကိန်းများကို တည်ဆောက်ရန်လည်းဖြစ်သည်။ အဲဒီစီမံကိန်းများကိုလည်း ဖျက်သိမ်းရန်လည်း မသင့်ပါကြောင်းနှင့် ယခုဖော်ပြပါ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စီမံကိန်းလေးခုဟာ ဖြစ်မြောက်မှုရှိ/မရှိ လေ့လာစိစစ်နေတဲ့အဆင့်သာဖြစ်ပါ၍ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ပြည်သူများအားလုံး နားလည်သဘောပေါက် သဘောတူလက်ခံပေးနိုင်ပါရန် ရှင်းလင်း တင်ပြဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ ခုနက ဝန်ကြီးဖြေသွားတဲ့အထဲမှာဆိုရင် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတည်ဆောက်ရေးမှာ စက်ရုံအဟောင်းပစ္စည်းတွေကို တပ်ဆင်ခွင့်မပြုဘူးလို့ပြောသွားပါတယ်။ တစ်ချိန်တုန်းကလည်း ကျွန်မတို့ လွှတ်တော်အတွင်းမေးခွန်းမှာ ကိုယ်စားလှယ်တစ်ဦးရဲ့မေးမြန်းချက်ကိုလည်း အဲဒီလိုဖြေသွားတာ ကျွန်မကြားသိခဲ့ရပါတယ်။ အမှန် လက်ရှိအနေအထားမှာ ကျွန်မတို့ မြိတ်မြို့နယ်မှာရှိတဲ့ ၅၀ မဂ္ဂါဝပ်ကျောက်မီးသွေးစက်ရုံမှာဆိုရင် သံချေးတွေတက်နေတဲ့စက်ရုံအဟောင်းပစ္စည်းတွေ တပ်ဆင်လို့မရဘဲဖြစ်နေတယ်ဆိုတာကို ဝန်ကြီးအနေနဲ့ လေ့လာသိရှိပါသလားလို့ မေးပါရစေရှင့်။ ကျေးဇူးတင်ပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ဒီဖော်ပြပါ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ၅၀ မဂ္ဂါဝပ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံက တနင်္သာရီတိုင်းအစိုးရအဖွဲ့နဲ့ ပုဂ္ဂလိကဓာတ်အားပေးစက်ရုံတည်ထောင်သူတို့ရဲ့ ညှိနှိုင်းစီစဉ်ဆဲ တည်ဆောက်ပြီးစက်ရုံ ဖြစ်ပါတယ်။ တကယ်တည်ဆောက်ပြီးလို့ရှိရင်လည်းပဲ အခုနက Clean Coal Technology အဆင့်ရောက်အောင် ဆောင်ရွက်ဖို့ကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တိုက်တွန်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တခဏရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ် ဝေးလံခေါင်သီသော ကျိုင်းတောင်းမြို့ ဒေသခံပြည်သူများရဲ့လိုအင်ဆန္ဒကို မေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံတည်ရှိတဲ့ ကျိုင်းတောင်းမြို့ ရပ်ကွက်(၂)၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၅)နှင့် ရပ်ကွက်(၆)တို့တွင် ပြုပြင်သွယ်တန်းပေးမယ့် လျှပ်စစ်ဓာတ်အားလုပ်ငန်းအစီအစဉ်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မြင့်၏မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါကျိုင်းတောင်းမြို့ပေါ်ရပ်ကွက်များမှာ လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်-

(က) အမှတ်(၆)ရပ်ကွက်မှာ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လျာထားချက်မှာ ပါဝင်နိုင်ခြင်းမရှိသဖြင့်

နောင်လာမည့်ဘဏ္ဍာနှစ်များမှာ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

(ခ) အမှတ်(၅)ရပ်ကွက်မှာ ၁၁ ကေဗွီလိုင်း ပေ ၁၀၀၀ နှင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတည်ဆောက်ခြင်းလုပ်ငန်းကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ ပါဝင်တဲ့အတွက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(ဂ) အမှတ်(၂)ရပ်ကွက် ၁၁ ကေဗွီလိုင်း ပေ ၂၀၀၀ နှင့် ၁၆၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၆၀၀ ခန့်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွား မှာဖြစ်ပါတယ်။

(ဃ) အမှတ်(၅)ရပ်ကွက်မှာ ဓာတ်အားဖြန့်ဖြူးပေးထားတဲ့ ၄၀၀ ဗို့လိုင်း ၃ မိုင်မှာရှိတဲ့ Aluminium ကြိုး 25 mm နှင့် 35 mm ကြိုးများကို လျှပ်ကာအခွံပါတဲ့ AAC ကြိုးများ ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ အဖွဲ့ရဲ့ ဘတ်ဂျက်ရန်ပုံငွေမှာ ပါဝင်တဲ့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့မှ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံငယ်များနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း အသစ်တည်ဆောက်ခြင်း၊ အဟောင်းများကို ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်ရန်ပုံငွေများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များရဲ့ ရန်ပုံငွေလျာထားချက်မှာ ထည့်သွင်းလျာထားတောင်းခံပေးရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါ တယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ ကျိုင်းတောင်းမြို့ပေါ် ရပ်ကွက်(၃)မှာ ဆောင်ရွက်ရန်ကျန်ရှိတဲ့ လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နောင်လာမည့် ဘဏ္ဍာနှစ်များမှာ ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်ပေးရန် တင်ပြညှိနှိုင်းပြီးတော့မှ ရန်ပုံငွေရရှိပါက ဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ရခိုင်ပြည်နယ်(၁၇)မြို့နယ်တွင် မာန်အောင်မြို့နယ်တစ်ခုသာ မဟာဓာတ်အားလိုင်းမှ (၂၄)နာရီ မီးမရရှိဘဲ (KV 550) ဓာတ်အားဖြင့် မြို့တွင်းရပ်ကွက် (၅)ခုကို တစ်နေ့လျှင်(၆)နာရီခန့်သာ ရရှိပါသဖြင့် (၂၄)နာရီမီးရရှိရေး မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်း ကျေးရွာပေါင်း(၅၀)ခန့်ကို လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းတင်ပြမယ့်မေးခွန်း ကတော့ မာန်အောင်မြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ (၂၄)နာရီမီးရရှိရေးကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စ ကို မြို့နယ်တစ်ခုလုံးမှ လုပ်သားပြည်သူအားလုံးကလည်း စိတ်ဝင်တစားလိုလားတောင့်တနေကြပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ မြို့နယ်(၁၇)မြို့နယ်ရှိပါတယ်။ မာန်အောင် မြို့နယ်ကလွဲပြီး ကျန်(၁၆)မြို့နယ်က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကစပြီးတော့ မဟာဓာတ်အားလိုင်းက (၂၄)နာရီမီးရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မာန်အောင်မြို့နယ်တစ်ခုသာ (၂၄)နာရီမီးမရရှိ၍ ဒီဇယ်အင်ဂျင်စက်နှင့် မြို့တွင်း(၅)ရပ်ကွက်သာ ညနေ(၆)နာရီမှ (၁၀)နာရီ၊ နံနက်(၄)နာရီမှ (၆)နာရီ စုစုပေါင်း နေ့စဉ်(၆)နာရီသာ မီးရရှိပါတယ်။ လျှပ်စစ်မီးဖိုးပေးဆောင်နေရသူမှာလည်း တစ်ယူနစ်ကို ၄၀၀ ကနေပြီး ၅၀၀ ကျပ်အထိ မီးလင်းရေးအဖွဲ့က ကောက်ခံနေတာကို အားလုံးပေးသွင်းနေကြရပါ တယ်။ မာန်အောင်မြို့နယ်မှာ ကျေးရွာကြီး/ကျေးရွာငယ်ပေါင်း ၁၈၆ ရွာရှိပါတယ်။ မဟာ ဓာတ်အားလိုင်းက လျှပ်စစ်မီးရရင် တစ်မြို့နယ်လုံးမီးလင်းနိုင်ပါတယ်။ ထိုသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိပါက အခြားနည်းလမ်းများဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြို့နဲ့နီးကပ်စွာ တည်ရှိနေတဲ့ ကျေးရွာပေါင်း(၅၀)ခန့်ကို ပထမအကြိမ်အဖြစ် ဆိုလာမီးစနစ်ဖြင့်ဖြစ်စေ မီးလင်းနိုင်ရေး အတွက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်မှာ ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် မီးသုံးသူ ၈၃၁ ကို တစ်နေ့လျှင် (၆)နာရီဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မာန်အောင်ကျွန်းဟာ သီးသန့်တည်ရှိနေတဲ့ ကျွန်းဖြစ်ပြီး အနီးဆုံးနေရာဖြစ်တဲ့ ရမ်းဗြဲမြို့နယ်၊ အောင်လှပြင်မှ ရေမိုင်အကွာအဝေး(၅)မိုင်ခန့်ရှိတဲ့ အတွက်ဓာတ်အားလိုင်းတည်ဆောက်ရန် ခက်ခဲမှုရှိပါ၍ လက်ရှိအခြေအနေမှာ ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ ဓာတ်အားပေးနေရခြင်းဖြစ်ပါတယ်။ မာန်အောင်ကျွန်းပေါ်မှာ အသေးစားဓာတ်အားစနစ် (Mini Grid System) ကိုအသုံးပြုပြီး (၂၄)နာရီဓာတ်အားပေးနိုင်ဖို့ ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကနဦး လေ့လာတွေ့ရှိချက်များအရ မာန်အောင်မြို့နယ်အတွင်းမှာ ဇီဝဒြပ်ထု/ဇီဝဓာတ်ငွေ့(Biomass နှင့် Biogas)ဓာတ်အားပေးစက်နှင့် လေအားလျှပ်စစ်(Wind Turbine)တို့ကို တစ်လှည့်စီအသုံးပြုမည့်စနစ် (Hybrid Generation System)ဖြင့် ဓာတ်အားထုတ်လုပ်ပြီး ကျွန်းပေါ်ရှိမြို့နှင့်ကျေးရွာအားလုံးကို ၃၃ ကေဗွီ ဓာတ်အားစနစ်ဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ကနဦးလေ့လာမှုများကို ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖြစ်မြောက်နိုင်စွမ်းပေါ်မူတည်၍ နိုင်ငံတော်မှရန်ပုံငွေခွဲဝေရရှိမှု၊ အတိုးနှုန်းသက်သာသော ပြည်တွင်းပြည်ပချေးငွေရရှိမှုပေါ်မူတည်၍ ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး နှစ်အလိုက်အစီအစဉ်များချမှတ်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆက်စပ်မေးခွန်းအနေနဲ့ တစ်ခုမေးချင်ပါတယ်။ အမှန်တကယ် ကျွန်တော်တို့လက်တွေ့ခံစားနေရတာကတော့ အရင် ဂျပန်ခေတ် ၁၉၄၂ ခုနှစ်ကစပြီးတော့ ၁၉၄၅ ခုနှစ်အထိ ကျောက်ဖြူ ရမ်းဗြဲကတစ်ဆင့် မြေအောက်လိုင်းနဲ့မာန်အောင်မှာ လျှပ်စစ်မီးရရှိခဲ့ပါတယ်။ အခုဆိုရင် နှစ်ပေါင်း ၇၀ ကျော်ကြာလာပါပြီ။ နည်းပညာတွေလည်းရရှိနေပြီလို့ ထင်မြင်ပါတယ်။ မဟာဓာတ်အားလိုင်းရရှိနေတဲ့ ရမ်းဗြဲမြို့မှ မာန်အောင်မြို့သို့ ပလပ်စတစ်အမာသားပိုက်ဖြင့် သွယ်တန်းပြီးတော့ အတွင်းမှာလျှပ်စစ်ကြိုးဆက်သွယ်ရယူပါက အကုန်အကျနည်းနည်းနဲ့ မာန်အောင်မြို့နယ်တစ်ခုလုံး (၂၄)နာရီလျှပ်စစ်မီး ရရှိနိုင်ပါကြောင်း ထပ်လောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ လက်ရှိ မာန်အောင်နှင့်အနီးဆုံး ဓာတ်အားရောက်ရှိနေတာကတော့ ရမ်းဗြဲမြို့ဖြစ်ပါတယ်။ ရောက်ရှိနေတဲ့ ဓာတ်အားကတော့ ၆၆ ကေဗွီ ဓာတ်အားစနစ်ဖြစ်ပါတယ်။ အဲဒီ ၆၆ ကေဗွီ ဓာတ်အားစနစ်ကို ပင်လယ်ကြမ်းပြင်ရေအောက်ကနေပြီးတော့ ရေအောက်သုံးတဲ့ Sub Marine Cable ကို ချမြှုပ်ရမှာဖြစ်ပါတယ်။ Sub Marine Cable ရဲ့ ၅ မိုင်တန်ဖိုးဟာ အင်မတန်တန်ဖိုးကြီးမားတဲ့အတွက် ကျွန်တော်တို့ အနေနဲ့ဒါကို ဖြစ်မြောက်နိုင်စွမ်း၊ ဈေးနှုန်းစသည်တို့ကို ပညာရှင်များနှင့် အသေးစိတ်တိုင်ပင်ဆွေးနွေးပြီးတော့မှ လေ့လာဆန်းစစ်ပြန်လည်တင်ပြသွားမှာ ဖြစ်ပါတယ်။ ယခင်က ချမြှုပ်ခဲ့တဲ့ Cable ဟာ ကျွန်တော် အခုမှ ဒါကိုဗဟုသုတအဖြစ်သိရှိရတာဖြစ်ပါတယ်။ ၆၆ ကေဗွီတော့ မဟုတ်နိုင်ပါဘူး။ ဗို့အားအဆင့်နိမ့်တဲ့ကြိုးသာဖြစ်ပါမယ်။ အခုအခါမှာ ရွာပေါင်း ၅၀ ကို ဖြန့်ဖြူးပေးနိုင်မယ့် ဗို့အား အဆင့်ကလည်း ၆၆ ကေဗွီနဲ့ လာမှသာလျှင် ဖြစ်နိုင်မယ့်အတွက်ကြောင့်မို့လို့ မြေအောက်ကြိုးရဲ့ တန်ဖိုး၊ ထုတ်လုပ်နိုင်မယ့်အချိန်ကာလ ဒါတွေကိုပါ အစအဆုံး လေ့လာဆန်းစစ်ပြီးတော့မှ တင်ပြသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့အစည်းအဝေးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းတင်သွင်းရတဲ့ အကြောင်းအရင်းကတော့ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားနှင့်အညီ ပြင်ဆင်သည့်ဥပဒေကြမ်းများ တင်သွင်းပေးပါရန် ပြည်ထောင်စုလွှတ်တော်က ၂၆-၂-၂၀၁၅ ရက်စွဲပါစာအမှတ် ၁/ပထ (စည်းဝေး) ၉/၂၀၁၅-၂၉ စာဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းလာပါတယ်။ အဲဒီ အကြောင်းကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေရဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)မှာ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပြီး ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ တင်သွင်းတဲ့ဥပဒေကြမ်းအား

လွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံး မင်္ဂလာပါရှင်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ ကော်မတီ၏ တာဝန်ပေးချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြ သွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၂-၅-၂၀၁၅ ရက်နေ့တွင် အစည်းအဝေး ကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ပါသဖြင့် အဆိုပြုပြဋ္ဌာန်းချက် အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူ ခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၅-၂၀၁၅ (တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး အမည် စာရင်းတင်သွင်းရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

**ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်က ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (The Emergency Act) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (The Emergency Act) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးဝင်းမြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့် (ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေကို မတ်လ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ထိုအချိန်က တစ်တိုင်းပြည်လုံး အရေးပေါ်အခြေအနေဖြစ်နေပြီး ရန်ကုန်အစိုးရဟုပင် ခေါ်ခဲ့ရတဲ့ အနေအထားရှိပါတယ်။ ယခု အချိန်မှာ တစ်နိုင်ငံလုံးခြုံကြည့်ပါက ထိုအခြေအနေမျိုးမဟုတ်ပါ။ ဒေသတစ်ခု၊ နှစ်ခုမှာ တည်ငြိမ်အေးချမ်းမှု နည်းပါခြင်းသာရှိပါတယ်။ ဒေသတစ်ခုခုမှာ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားတဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့ အညီ စီမံဆောင်ရွက်နိုင်ပါတယ်။ ဥပဒေတစ်ခုအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့နဲ့အတူ ထုတ်ပြန်ရပါတယ်။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်လာစေရန် တရားမျှတမှုကိုရှေးရှုပြီး ဆင်ခြင်တုံတရားကိုလက်ကိုင်ပြုသော ဥပဒေများအပေါ် မှီခိုအားထားကြရပါတယ်။ ဒီဥပဒေပုဒ်မ ၂ မှာ တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဝင်တို့ရဲ့ သွားလာလှုပ်ရှားမှုအခြေအနေကို သောင်းကျန်းသူသို့ သတင်းပေးခြင်း၊ လှုပ်ရှားဆောင်ရွက်မှု နှောင့်နှေးပျက်ပြားစေရန် ပြုမူခြင်းအတွက် ပြဋ္ဌာန်းထားခြင်းလည်း ရှိပါတယ်။ ပုဒ်မ ၃ မှာဆိုရင် စစ်တပ် သို့မဟုတ် ရဲတပ်ဖွဲ့တို့ရဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်နေသော ဆောင်ရွက်မှုများကို ပျက်ပြားစေရန်ပြုလုပ်မှုအတွက် ပြဋ္ဌာန်းထားချက်များဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၈၆ တွင် ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဆိုင်ရာအလုပ်ဝတ္တရား ဆောင်ရွက်နေသည်ကို ဟန့်တားခြင်းဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဒီအက်ဥပဒေပုဒ်မ ၄ မှာ

နိုင်ငံတော်ပုန်ကန်မှုကြီး ကျူးလွန်သူအား ကူညီခြင်းအတွက် ပြဋ္ဌာန်းထားခြင်းရှိပါတယ်။ မီးရထားလမ်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ လေယာဉ်ပျံ၊ လေယာဉ်ကွင်းတို့ကို ပျက်စီးစေခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆၁၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၃၁၊ ၄၂၇ အကျိုးဖျက်စီးမှုတို့ဖြင့် တရားစွဲဆိုနိုင်ပါတယ်။ ဒီအက်ဥပဒေရဲ့ပုဒ်မ ၅ မှာ နိုင်ငံတော်ငြိမ်ဝပ်ရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေး စသည်တို့အတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(က)တွင်ရှိတဲ့ စစ်တပ်၊ ပြည်သူ့ဝန်ထမ်းက အစိုးရအပေါ်မေတ္တာပျက်ရန်၊ စည်းကမ်းဖီဆန်ရန်၊ သစ္စာမဲ့ရန်၊ မတရားဆောင်ရွက်မှုကို ယုတ်လျော့စေရန် ပြုလုပ်သော ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ ပုဒ်မခွဲ(က) အကြည်ညိုပျက်အောင်ပြုမှု၊ ပုဒ်မ ၁၂၄ ပုဒ်မခွဲ(ခ) ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုဖြစ်စေ အနိုင်ထက်ဖြိုဖျက်စေရန် နှိုးဆော်ခြင်းတို့နဲ့ အရေးယူနိုင်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(ခ)မှာ ပြဋ္ဌာန်းထားတဲ့ စစ်တပ်၊ ပြည်သူ့ဝန်ထမ်းကို တာဝန်မကျေစေရန်၊ တာဝန်ပျက်ကွက်စေရန် တိုက်တွန်းရုံပြုလုပ်သော ပြုလုပ်မှုဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီးလည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၆၈ မှာ ပြည်သူ့ဝန်ထမ်းတစ်ဦးဦး၏ ပြည်သူဆိုင်ရာအလုပ်ဝတ္တရား ဆောင်ရွက်နေသူကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းတို့နဲ့ အရေးယူနိုင်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ)မှာ စစ်တပ်၊ ရဲ၊ မီးသတ်၊ အစိုးရဝန်ထမ်းက အဖွဲ့ဝင်စုဆောင်းခြင်းကို ထိခိုက်စေရန် ပြုလုပ်မှုအတွက် ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီးလည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၈၉ မှာ ပြဋ္ဌာန်းထားတဲ့ ပြည်သူ့ဝန်ထမ်းကို နစ်နာစေမှု၊ ခြိမ်းခြောက်မှုနှင့် အရေးယူနိုင်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)မှာပါရှိတဲ့ ပြည်သူအား အထိတ်တလန့်ဖြစ်စေရန်ပြုမူခြင်းအတွက် ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၃ မှာ ရာဇဝတ်မကင်းသော ခြောက်လှန့်မှုဖြင့် တရားစွဲဆိုနိုင်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(င)မှာဆိုလို့ရှိရင် မမှန်မကန်သတင်းလွှင့်ခြင်းနဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းထားပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ မှာ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ထုတ်ပြန်ခြင်း၊ ဖြန့်ချိခြင်းတို့နဲ့ အရေးယူနိုင်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(စ)မှာဆိုလို့ရှိရင် ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ငြိမ်ဝပ်ရေးအတွက် သယ်ယူပို့ဆောင်ရေးကိုဖြစ်စေ၊ လုပ်ငန်းကိုဖြစ်စေ၊ မရှိမဖြစ်ပေးသွင်းခြင်း ဖြန့်ဖြူးခြင်းကို ပစ္စည်းကိုဖြစ်စေ ဟန့်တားရန်၊ နှောင့်နှေးရန် ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၈၃ မှာ အများပြည်သူဆိုင်ရာလမ်းမှာ ယာဉ်သွားရာလမ်းကြောင်းမှာ ဟန့်တားခြင်း၊ အန္တရာယ်ပေးခြင်းတို့လည်း အရေးယူနိုင်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(ည)

မှာဆိုရင် လုံခြုံရေးကိုလည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးကိုလည်းကောင်း ထိခိုက်စေရန် နည်းလမ်းဖြင့် ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွှဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်၍ တစ်ခုခု ပြုလုပ်ခြင်းအတွက် ပြဋ္ဌာန်းထားချက်ဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီးလည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၄၁ မှ ၁၆၀ အထိ ပြဋ္ဌာန်းထားသော နိုင်ငံတော်ငြိမ်ဝပ်ရေးကို ပျက်ပြားစေသော ပြစ်မှုများဖြင့် တရားစွဲဆိုနိုင်ပါတယ်။ ထို့ကြောင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှာ ရာဇသတ်ကြီးဥပဒေတွင် ပြဋ္ဌာန်းပြီးသော အချက်များဖြစ်ပါတယ်။ ဆိုလိုရင်းသဘောတရားများလည်း တူညီနေပါတယ်။ နိုင်ငံသားများဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှုဥပဒေပါ ရပိုင်ခွင့်များကို ပေးရမည့် အစား ဗူးလေးရာဖရုံဆင့်ဆိုတဲ့ နောက်ထပ်ဥပဒေမျိုး မပြဋ္ဌာန်းသင့်ပါ။ ဒီမိုကရေစီအသွင်ကူးပြောင်း ရေးကာလတွင် နိုင်ငံသူနိုင်ငံသားများအား ဖိနှိပ်ချုပ်ခြယ်နိုင်တဲ့ အလားတူဥပဒေ နောက်တစ်မျိုးမရှိ သင့်ပါ။ တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေမကျရောက်ဘဲ နိုင်ငံရေးသမားများ၊ ဒီမိုကရေစီအင်အား စုများ၊ ပြည်သူပြည်သားများအား ဖိနှိပ်ချုပ်ခြယ်မည့် ချေမှုန်းနှိပ်ကွပ်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင် ခြင်း၊ ထောင်ချခြင်း စသည်တို့အတွက် လက်နက်သဖွယ် အသုံးချနိုင်ရန် မဖြစ်သင့်ပါ။ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေချိန်တွင် ခေတ်နှင့်ဆီလျော်မှုမရှိသော နိုင်ငံသားများ၏ မူလ အခွင့်အရေးများကို ထိခိုက်နစ်နာစေသည့် ယင်းအရေးပေါ်စီမံမှုအက်ဥပဒေကို ပယ်ဖျက်သင့်ပါတယ်။ ဒါကြောင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံ ဆွေးနွေးပေးပါရန် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသင့်တဲ့ဥပဒေကို ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးဖို့အတွက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဟာကို အချက်သုံးချက်လောက် ထောက်ပြဆွေးနွေးချင်ပါ တယ်။ ဒီဥပဒေဟာ ၁၉၅၀ ခုနှစ်ကနေ နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ နာမည်ဆိုးနဲ့ ကျော်ဇောနေတဲ့ ဥပဒေလည်းဖြစ်ပါတယ်။ ပြည်သူလူထုကြားမှာ ပုဒ်မ

၅(ည)ဟာဆိုရင် ထိတ်လန့်ဖွယ်ရာပုဒ်မတစ်ခုလို ဖြစ်နေပါတယ်။ ညအချိန်မတော် အခန်းတံခါးကို ခေါက်ပြီး ကိုယ့်သားသမီးတွေကို ခေါ်ယူသွားတဲ့အချိန်တိုင်းမှာ မိသားစုတွေအတွက် ထိတ်လန့်စရာ ဖြစ်ခဲ့ရပါတယ်။ ဒီဥပဒေမျိုးဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ရဲ့ ဥပဒေပြုမဏ္ဍိုင်ကြီးက ပြုပြင်ပြောင်းလဲသင့်တဲ့ ပုဒ်မတစ်ခုဖြစ်တယ်လို့ ကျွန်တော် ဆွေးနွေးချင်ပါတယ်။ နောက်တစ်ခုကတော့ အုပ်ချုပ်ရေးအဖွဲ့အစည်းကို အာဏာအလွန်အကျွံ ပေးထားတဲ့ ပုဒ်မတွေဖြစ်နေပါတယ်။ ဒီပုဒ်မတွေဟာ ဘယ်လောက်အထိ အာဏာအလွန်အကျွံဖြစ်ခဲ့ သလဲဆိုရင် ကျွန်တော်ဟာ ကျောင်းသားဘဝမှာ ထိန်းသိမ်းခံခဲ့ရပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(ည)နဲ့ ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခံခဲ့ရပါတယ်။ ကျောင်းသားလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့လို့ ချခံခဲ့ရသော်ငြားလည်း အကျဉ်းထောင်ထဲအထိ ပုဒ်မ ၅ ပုဒ်မခွဲ(င)နဲ့ ထပ်မံခုနစ်နှစ် ထောင်ချခံခဲ့ရတယ်။ အကျဉ်းထောင်ထဲမှာပဲ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)နဲ့ နောက်ထပ်ထောင်ဒဏ် ခုနစ်နှစ် ထပ်မံအချခံခဲ့ရပါတယ်။ ဒီဥပဒေတွေဟာ ပြင်ပမှာတင်မဟုတ်ဘဲနဲ့ ထောင်လိုနေရာမျိုးတွေအထိ အုပ်ချုပ်ရေးအာဏာဘက်က အလွန်အကျွံ အာဏာကိုသုံးစွဲနိုင်တဲ့အခွင့်အလမ်းတွေ ရှိနေတဲ့အတွက် ဒီဥပဒေကိုရုပ်သိမ်းဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့တိုင်းပြည်ဟာ ဒီအချိန်ဟာ ဒီမိုကရေစီအသွင် ကူးပြောင်းနေတဲ့ကာလဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ဟာ အရေးပေါ်စီမံမှုအက်ဥပဒေတွေနဲ့ ထိန်းသိမ်းထောင်ချနေခြင်းမျိုးကို အခုအချိန်တွေမှာ ရှောင်ကျဉ်ဖို့လိုအပ်သလို အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်နိုင်ဖို့ ဒီဥပဒေကို ပြင်ဆင်ရုပ်သိမ်းနိုင်ဖို့အတွက် လွှတ်တော်ကြီးမှာ ဆွေးနွေးရန်လိုအပ်ပါကြောင်း အလေးအနက်ထောက်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို

ရုပ်သိမ်းသည့်အက်ဥပဒေကို ကျွန်တော်မှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ၁၉၅၀ပြည့်နှစ် မတ်လ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးတော့ ပုဒ်မပေါင်း ရှစ်ခုပါဝင်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါဥပဒေကို နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရားစီရင်ရေး၊ နိုင်ငံတော်စီးပွားရေး၊ နိုင်ငံပိုင်အဆောက်အဦ၊ ယာဉ်၊ စက်ကိရိယာ၊ လမ်းပန်း ဆက်သွယ်ရေး၊ ပြည်သူလူထုရဲ့ အသက်အန္တရာယ်နဲ့ ကျန်းမာရေးဆိုင်ရာ ကာကွယ်ပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး ပြဋ္ဌာန်းထားကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်လုံခြုံရေးဆောင်ရွက် သော စစ်တပ်၊ အစည်းအရုံးများနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သော ရာဇဝတ်အမှုထမ်း များရဲ့ ချီတက်သွားလာခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ သစ္စာစောင့်သိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းသေဝပ်ခြင်းများနဲ့ နိုင်ငံတော်ရဲ့စီးပွားရေး၊ တရားစီရင်ရေးဆိုင်ရာများကို အကာအကွယ် ပေးရန်အတွက် ယင်းဥပဒေရဲ့ ပုဒ်မ ၂၊ ၃၊ ၅၊ ပုဒ်မ ၅ ပုဒ်မခွဲ(က)တို့မှာလည်းကောင်း၊ နိုင်ငံပိုင် အဆောက်အဦ၊ ယာဉ်၊ စက်ကိရိယာ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ ရေပေးဝေရေးဆိုင်ရာများကို အကာ အကွယ်ပေးရန်အတွက် ယင်းဥပဒေပုဒ်မ ၆ တွင်လည်းကောင်း ပြည်သူလူထုကျန်းမာရေးနဲ့စပ်လျဉ်း၍ သောက်သုံးရေကို အဆိပ်ခတ်ခြင်း၊ အဆိပ်ဖြစ်စေတတ်သောအမှုကို ပြုခြင်းမှ အကာအကွယ်ပေးရန် အတွက် ယင်းဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)တွင်လည်းကောင်း အသီးသီးပြဋ္ဌာန်းထားတာကိုလည်း စိစစ် တွေ့ရှိရပါတယ်။ ဒါ့အပြင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(င)ပါ ပြဋ္ဌာန်း ချက်များအား မမှန်သတင်းပေးခြင်းကို တားဆီးရခြင်းဖြစ်၍ သတင်းအမှန်ထုတ်လွှင့်ခြင်းအား အကာ အကွယ်ပေးခြင်းလည်း ဖြစ်ပါတယ်ခင်ဗျား။ မီဒီယာလွတ်လပ်မှုနဲ့ တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပါ။ ယင်းဥပဒေဖြင့် မီဒီယာနဲ့ပြည်သူကို အကာအကွယ်ပေးထားခြင်းလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများနဲ့ အပြည်ပြည် ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၇၊ အပိုဒ် ၁၉ တို့အရ သတင်းမီဒီယာသမားများနဲ့ နိုင်ငံရေးလုပ်ဆောင်နေသော အင်အားစုသမားများ အတွက် အကာအကွယ်ရရှိရေးတို့ကိုလည်း ထိခိုက်ခြင်းမရှိကြောင်း လေ့လာစိစစ်တွေ့ရှိရပါတယ်။ မမှန်သတင်းများကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ယွင်းမှုများကို ဖြစ်ပေါ်ခဲ့ဖူးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဤသို့ဖြစ်ပေါ်လာပါက ငြိမ်ဝပ်ပိပြားရေးနဲ့တည်ငြိမ်ရေးကို ပျက်ပြားစေပြီး မင်းမဲ့စရိုက်များဖြစ်ပွားကာ ပြည်သူများပဲ ထိခိုက်နစ်နာမှာဖြစ်ပါတယ်။ ၁၆၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ည)ပါ ပြဋ္ဌာန်းချက်များအား ပြည်ထောင်စုရဲ့ လုံခြုံရေးကိုသော် လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေး ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း ထိခိုက်စေရန်

အကြောင်းရှိသော နည်းလမ်းများဖြင့် အများပြည်သူ သို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်စေရန် ရည်ရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင် အရေးယူရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ၁၆၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေသည် နိုင်ငံတော်လုံခြုံရေး၊ ပြည်တွင်းငြိမ်းချမ်းရေးများအတွက် ကြိုတင်ကာကွယ်ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒီမိုကရေစီရှင်သန်ခိုင်မာရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ စပ်ဆက်နေပြီး ယင်းအချက်နှစ်ချက်ကလည်း ယှဉ်တွဲတည်ရှိနေမှသာ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်တဲ့အတွက် လုံခြုံရေးနှင့်တည်ငြိမ်ရေးဟာ နိုင်ငံတော်အတွက် အဓိကဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ မည်သည့်နိုင်ငံမဆိုမိမိနိုင်ငံတော်ရဲ့လုံခြုံရေးကို အစဉ်သဖြင့် တိုးမြှင့်ကာကွယ်ကြစမြဲပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ ပြည်တွင်းတည်ငြိမ်ရေးအတွက်ကို အဓိကကျတဲ့ဥပဒေဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန်မသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းသူ သဘောထားပြောပါ။

**ဦးဝင်းမြင့် (ပုသိမ်မဲဆန္ဒနယ်)**။ ။ ဥပဒေများဟာ လူအများလက်ခံနိုင်တဲ့ ဥပဒေများဖြစ်မှသာလျှင် အေးချမ်းသာယာစွာ နေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ ဥပဒေတို့ဟာ နိုင်ငံရေးအခြေအနေတွေနဲ့ နီးနီးကပ်ကပ်ဆက်စပ်လျက်ရှိပြီး ရောင်ပြန်ဟပ်လျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုဆွေးနွေးတဲ့ ဥပဒေနဲ့စပ်ဆက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ပြင်ဆင်ဖို့ဥပဒေကြမ်း တင်ပြထားတာရှိပါတယ်။ ဒါနဲ့ဆက်စပ်ပြီးတော့ ဥပဒေကြမ်းကော်မတီကိုလည်း ပေးပို့ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်နဲ့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ဒီဥပဒေနဲ့ပတ်သက်ပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသင့်တယ်ဆိုပြီး ကျွန်တော်တင်ပြခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အက်ဥပဒေမှာပါတဲ့ပုဒ်မ ၂၊ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၆ တို့ဟာ သေဒဏ်အထိ ပြင်းထန်တဲ့ပြဋ္ဌာန်းချက်တွေပါတယ်။ သို့သော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မဲခွဲတဲ့အခါမှာ ရှုံးနိမ့်ခဲ့သာရတဲ့အတွက် ကျွန်တော့်အဆို အရေးနိမ့်ခဲ့ပါတယ်။ အဲဒါကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ တစ်ခါပြန်ပြီးတော့ ဒီဥပဒေကိုပြင်ဆင်ဖို့ ပြင်ဆင်တဲ့ဥပဒေကြမ်း ကျွန်တော်တင်ပါတယ်။ တင်တဲ့အခါမှာ ဥက္ကဋ္ဌကြီးကိုယ်တိုင်က ဒါကိုဆွေးနွေးဖို့ သဘောထားပေးတဲ့အတွက် ကျွန်တော့်ပြင်ဆင်သည့် ဥပဒေကြမ်းကို အဲဒီအချိန်တုန်းက ဥပဒေကြမ်းကော်မတီက မဆွေးနွေးသင့်ဘူးလို့ သဘောထားပေးပေမယ့် ဥက္ကဋ္ဌကြီးရဲ့သဘောထားကြောင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသင့်တယ်ဆိုတဲ့အတွက်ကြောင့် မြန်မာနိုင်ငံပြန်တမ်းပေါ့။ အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၁၂)နဲ့ ပြန်တမ်းထွက်ထားပြီးဖြစ်ပါတယ်။ ဒါ ရောက်ရှိနေတဲ့အဆင့်ပါ။ အဲဒီတော့ ကျွန်တော်ကတော့ နှစ်ပိုဒ်ပါပဲ။ ကျွန်တော်ကတော့ ဘာလဲဆိုရင် ပုဒ်မ ၅ မှာပါတဲ့ ပုဒ်မခွဲ(င)နှင့်(ည)ကို ပယ်ဖျက်ဖို့ ပုဒ်မခွဲ(င)ကတော့ ဘာလဲဆိုရင် အားလုံးနားလည်အောင်ပြောရင် မမှန်သည်ကိုသိလျက်နှင့် မမှန်သတင်းလွှင့်ရန်ကြံရွယ်၍ တစ်ခုခုကိုလုပ်လျှင် ဒါကလည်း အင်မတန်မှကျယ်ပြန့်ပြီးတော့ လိုရာဆွဲလို့ရပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(ည)ဆိုတာကတော့ ခုနက ဦးဖြိုးမင်းသိန်းတင်ပြသွားသလိုပဲ ကျွန်တော်တို့တိုင်းပြည်မှာ အင်မတန်မှ ဒီဥပဒေကို အလွဲသုံးခဲ့တယ်လို့ယူဆလိုက်တဲ့အတွက် တော်တော်နာမည်ပျက်နေပါတယ်။ အဲဒါကြောင့် လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးကို ပြန်လည်ထူထောင်ရေးကိုလည်းကောင်း ထိခိုက်ရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် ဒီအပိုဒ်တွေကလည်း ရာဇသတ်ကြီးဥပဒေမှာရော၊ အခြားဥပဒေမှာတွေပါ ပြဋ္ဌာန်းချက်တွေပါပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဥပဒေကြီးတစ်ခုလုံးကို ဖျက်သိမ်းဖို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အဆိုတင်ခဲ့တယ်။ မအောင်မြင်ခဲ့ဘူး။ ဒါကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ဒီဥပဒေထဲက သေဒဏ်မဟုတ်ပေမယ့် ခုနစ်နှစ်အထိ ပေးနိုင်တဲ့ ပုဒ်မ ၅ ထဲက ပုဒ်မခွဲ(ည)နဲ့(တ)ကိုဖျက်ပေးဖို့ ကျွန်တော်တင်ထားတာရှိပါတယ်။ အဲဒီတော့ ခြုံပြောရရင်တော့ ကျွန်တော့်သဘောထားကတော့ နိုင်ငံတော်

ပြန်တမ်းမှာပါတဲ့အတိုင်းပေါ့။ ဒီအပိုဒ်နှစ်ပိုဒ်ကိုတော့ ရုပ်သိမ်းသင့်တယ်ဆိုတဲ့ သဘောထားကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို အလေးအနက် ထပ်မံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက တင်ပြရှင်းလင်းရန်ရှိက တင်ပြရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကော်မတီရဲ့သဘောထားကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ၁၇-၇-၂၀၁၂ ရက်နေ့မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်ကလည်း ဒီပုဒ်မနဲ့ပတ်သက်တဲ့ ပုဒ်မ ၅ ပုဒ်မခွဲ(င)နဲ့ ပုဒ်မ ၅ ပုဒ်မခွဲ(ည)ကို ပယ်ဖျက်ဖို့၊ ရုပ်သိမ်းဖို့ တင်ပြခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက ပြည်သူ့လွှတ်တော်ရဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက နောင်တွင် ယခု ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကိုအခြေခံပြီးတော့ ဥပဒေအသစ်ရေးဆွဲရန်ရှိပြီး ဥပဒေအသစ်ပေါ်ပေါက်လာတဲ့အချိန်တွင်ကျမှ ရုပ်သိမ်းရန်ဆိုပြီးတော့ လွှတ်တော်ကနေသဘောတူပြီး ရွှေ့ဆိုင်းခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ယနေ့ တင်သွင်းမှုကတော့ ဥပဒေတစ်ခုလုံးကိုရုပ်သိမ်းဖို့အတွက် တင်ပြတဲ့ဥပဒေကြမ်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတော့ စောစောကပဲ အဆိုတင်သွင်းသူရဲ့ တင်ပြချက်မှာပါတဲ့ ဥပဒေရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့မည်သည့်ဒေသကိုမဆို ကာကွယ်ခုခံရန်၊ နိုင်ငံတော်၏ ငြိမ်ဝပ် ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန်တာဝန်ရှိတဲ့ လက်နက်ကိုင်စစ်တပ် ချီတက်သွားလာခြင်း၊ အရေအတွက်၊ အခြေအနေကိုသတင်းစုဆောင်းပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မယ့်လူကို သတင်းပေးခြင်းမပြုနိုင်ရန်၊ လက်နက်ကိုင်ဆောင်၍ တာဝန်ထမ်းဆောင်နေခြင်းကို နှောင့်နှေးစေရန်၊ ပျက်ပြားစေရန် ကြံရွယ်ပြီးတော့ ပြုမူဆောင်ရွက်ခြင်းမရှိစေရန်၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်သူကို ကူညီရန်ကြံရွယ်လျက် မီးရထားလမ်း၊ ဥမင်၊ အစိုးရပိုင်ဝါယာလက်၊ ကြေးနန်းဆက်သွယ်ရေး၊ စကားပြောကြေးနန်းစက်၊ ကြိုး၊ တိုင်များပျက်စီးခြင်းမရှိစေရန် ပေးပို့တဲ့သတင်းတွေကိုလည်း ကြားဖြတ်ခိုးနားထောင်ခြင်းမရှိစေရန်၊ နောက် လေယာဉ်ပျံတွေ၊ လေယာဉ်ကွင်းတွေ၊ လေ

ကြောင်းဆိုင်ရာပျံ့သန်းမှုနဲ့ပတ်သက်တဲ့ကိရိယာတွေကို ပျက်စီးခြင်းကို ဖျက်ဆီးမှုကိုမပြုစေရန်အတွက် ရည်ရွယ်ပြီးပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

နောက်ပြီးတော့ အစိုးရအမှုထမ်း၊ စစ်တပ်တို့ကို မေတ္တာပျက်စေရန်၊ အကြည်ညိုပျက်စေရန်၊ အနှောင့်အယှက်ပြုရန်၊ တာဝန်ထမ်းဆောင်မှုကို ပျက်ပြားစေရန်နှောင့်ယှက်ခြင်းမပြုနိုင်ရန်၊ နောက်ပြီးတော့ ပြည်သူများအထိတ်တလန့်ဖြစ်အောင် ကြံရွယ်လျက် မမှန်သတင်းလွှင့်မှု၊ လှုံ့ဆောင်မှုမရှိစေရန်၊ နိုင်ငံတော် ခဲယမ်းမီးကျောက်သယ်ဆောင်ပို့ဆောင်တဲ့နေရာမှာ၊ ထောက်ပံ့ရေးပစ္စည်းပို့ဆောင်တဲ့နေရာမှာ ဟန့်တားရန်၊ နှောင့်နှေးရန် ကြံရွယ်လျက် ပြုမူဆောင်ရွက်ခြင်းမရှိစေရန်၊ ပြည်ထောင်စုလုံခြုံရေးကိုလည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးထူထောင်ရေးကိုလည်းကောင်း ထိခိုက်စေခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်နှင့် နိုင်ငံတော်ဝန်ထမ်းများအတွက် ရည်ရွယ်ပြီးတော့ တည်ဆောက်ထားတဲ့ နိုင်ငံတော်အတွက် လမ်း၊ တံတားတွေ၊ သင်္ဘောကျင်းတွေ၊ အဆောက်အအုံ၊ ယာဉ်၊ ရေပေးကိရိယာများ၌ ဖျက်ဆီးခြင်းမပြုရန်အတွက် ပြဋ္ဌာန်းထားကြောင်း တွေ့ရပါတယ်။

ကျွန်တော်တို့ ဒီလိုပြဋ္ဌာန်းထားတဲ့ဥပဒေကို အကျိုးဖျက်ဆီးမှုတစ်ခုအတွက်သာ တရားစွဲဆိုမယ်ဆိုရင် လုံလောက်မှုမရှိပါဘူး။ ဒါဟာ နိုင်ငံတော်လုံခြုံရေးအတွက် ရည်ရွယ်ပြီး ပြဋ္ဌာန်းတဲ့ဥပဒေဖြစ်တဲ့အတွက် ဒီအရေးပေါ်ဥပဒေနဲ့ အရေးယူမှာသာ ပြည့်စုံလုံလောက်မှာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီလို နိုင်ငံတော်လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေကြီးကို ရုပ်သိမ်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အကွပ်မရှိတဲ့ကြမ်းဟာ ပရမ်းပတာဆိုသလို ဥပဒေမရှိတဲ့တိုင်းပြည်မှာ မင်းမဲ့စရိုက်တွေ၊ ဆူပူသောင်းကြမ်းမှုတွေ၊ လှုံ့ဆော်မှုတွေ၊ ထကြွမှုတွေ အများအပြားပေါ်လာမယ်လို့ ကျွန်တော့်အနေနဲ့တော့ ဒီလိုယူဆမိပါတယ်။ ယခု ပြဋ္ဌာန်းထားတဲ့ဥပဒေဟာ ရာဇသတ်ကြီးမှာပြဋ္ဌာန်းတဲ့ဥပဒေနဲ့ သဘောတရားတူညီတယ်လို့ ယူဆနိုင်သော်လည်းပဲ တိုက်ရိုက်တူညီခြင်းမရှိပါဘူး။ ရာဇသတ်ကြီးဥပဒေမှာ ပြဋ္ဌာန်းတဲ့ဥပဒေဟာ သာမန်အကျိုးပျက်စီးမှုနှင့် သာမန်ဝန်ထမ်းတွေကို အရေးယူတဲ့ကိစ္စဖြစ်ပြီးတော့ ဒီအရေးပေါ်စီမံမှုဟာ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ခန္ဓာ မပျက်စီး၊ မဆုံးရှုံးအောင် နိုင်ငံတော်အတွက် လိုအပ်လို့ အရေးကြီးပြဋ္ဌာန်းတဲ့ဥပဒေဖြစ်ကြောင်းလည်း သုံးသပ်တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အခု အရေးကြီးကာလမဖြစ်ဖူးလားလို့ ကျွန်တော်တို့ သုံးသပ်ကြည့်မယ်ဆိုရင် ရခိုင်ပြည်နယ်အရေးအခင်း၊ မန္တလေးတိုင်းဒေသကြီး

မိတ္ထီလာအရေးအခင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးအရေးအခင်း၊ ယခု လတ်တလောဖြစ်ပျက် နေတဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဖြစ်ပေါ်နေတဲ့ အရေးအခင်းများဟာ သက်သေ အထောက်အထားတွေဖြစ်ပါတယ်။ ဒါဟာ မငြိမ်မသက်မှုကို ပြနေတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိ ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကို ရုပ်သိမ်းမယ်ဆိုရင် ဘာနဲ့တူသလဲဆိုတော့ ကျွန်တော်တို့ လွှတ်တော်လာတဲ့အခါမှာ လုံခြုံရေးဂိတ်ရှိပါတယ်။ လုံခြုံရေးဂိတ်ကိုမဖြတ်ချင်ဘူးဆိုတဲ့ ပုဂ္ဂိုလ်များဟာ ဘယ်လိုပုဂ္ဂိုလ်ဆိုတာ အားလုံးသိနိုင်ပါတယ်။ တစ်ဆင့်တက်ပြီးစဉ်းစားမယ်ဆိုရင် လုံခြုံ ရေးဂိတ်ကို မထားပါနဲ့တော့၊ ရုပ်သိမ်းလိုက်ပါတော့လို့ ဆိုလိုက်ခြင်းဟာ ကျွန်တော်တို့လွှတ်တော် တစ်ခုလုံးရဲ့ လုံခြုံရေး ဘယ်လိုဖြစ်မယ်ဆိုတာ အားလုံးနားလည်သဘောပေါက်ကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းချက်ကို ရုပ်သိမ်းလိုက်မယ်ဆိုရင် နိုင်ငံတော်လုံခြုံရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကို အဟန့်အတားဖြစ်စေမယ့်၊ ကြုံတွေ့မယ့်အခက်အခဲတွေလည်း ကိုယ်စားလှယ် များအနေနဲ့ သုံးသပ်ပေးစေလိုပါတယ်။ ဥပဒေပြဋ္ဌာန်းခြင်းဟာ လိုက်နာဖို့ဖြစ်ပါတယ်။ ဆိုရိုးစကား တစ်ခုရှိတာကတော့ ဥပဒေကိုမလှန်ပါနဲ့ လှန်ရင်တော့တွေ့မှာပဲ ဆိုလိုတဲ့သဘောကတော့ ဥပဒေ စာအုပ်ကိုမလှန်နဲ့ လှန်တဲ့စာမျက်နှာမှာရှိတဲ့ပုဒ်မဟာ အရေးယူခံရမှာပဲဆိုတဲ့သဘောပါ။ ဥပဒေကို မကျူးလွန်ပါနဲ့။ ကျူးလွန်ရင်တော့ အရေးယူခံရမှာပဲ။ ဥပဒေပြဋ္ဌာန်းထားခြင်းဟာ လူတကာကိုလိုက် ပြီးမှ အရေးယူနေတဲ့ပုဒ်မ မဟုတ်ပါဘူး။ ပြစ်မှုတကယ်ကျူးလွန်တဲ့လူကိုသာ အရေးယူတဲ့ပုဒ်မဖြစ်ပါ တယ်။ တချို့သော လူ ၄၀၊ ၅၀ လောက်ကို အရေးယူခံရလို့ ကျွန်တော်တို့ ဥပဒေတစ်ခုလုံးကို ဖျက်သိမ်းမယ်ဆိုလို့ရှိရင် ဒီဥပဒေကျူးလွန်သူ ၄၀၊ ၅၀ ရဲ့ လုပ်ရပ်ကြောင့် သူတို့ရဲ့ဥပဒေကို ငြိစွန်း တဲ့လုပ်ရပ်ကြောင့် သန်း ၅၀ ကျော်သော ပြည်သူများရဲ့ တည်ငြိမ်အေးချမ်းရေး၊ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ မပျက်စီးရေးအတွက်ကို ကျွန်တော်တို့အနေနဲ့ လျစ်လျူရှုရာကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ လူအနည်းအကျိုးကိုကြည့်မှာလား။ သန်း ၅၀ ကျော်သော ပြည်သူအကျိုးကို ကြည့်မှာလားဆိုလို့ရှိရင် ကျွန်တော်တို့ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ အများရဲ့အကျိုးကိုသာ သဘောထားပါတယ်။ သူတို့ကိုသာ အဓိကထားပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများဟာ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ စီးပွားရေးလုပ်နိုင်မှာဖြစ်ပြီး တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ဥပဒေ

ရုပ်သိမ်းလိုက်လို့ ပြဋ္ဌာန်းဥပဒေမရှိတော့တဲ့အခါမှာ ဥပဒေမဲ့လုပ်ရပ်တွေ၊ ကျွန်တော်တို့က အဲဒီကိစ္စမျိုးကို လက်ကမ်းကြိုရာရောက်မှာဖြစ်လို့ ဥပဒေရုပ်သိမ်းရန်မသင့်သေးကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ အချို့သောပြည်သူများဟာ နီးရာ ဓားကြောက်ပြီးတော့ ဆက်ကြေးပေးရတာတွေ၊ တချို့ အရေးယူခံရတာတွေရှိတာကိုတော့ ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ သို့သော် လွှတ်တော်ကြီးပေါ် ပေါက်လာပြီဖြစ်တဲ့အတွက် အကောင်အထည်ဖော်တဲ့အဖွဲ့အစည်းအနေနဲ့ ချင့်ချင့်ချိန်ချိန်လုပ်ပြီးတော့၊ ဆောင်ရွက်ပြီးတော့ လွှတ်တော်ကြီးမှာ တင်ပြဆွေးနွေးညှိနှိုင်းပြီး အဖြေရှာလို့ ရနိုင်ပြီးသားလည်းဖြစ်ပါတယ်။ ဒီဥပဒေဟာ ဖိနှိပ်ချုပ်ချယ်တဲ့ဥပဒေလို့လည်း ယူဆရန်မသင့်ပါဘူး။ နိုင်ငံတော်လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကထားပြဋ္ဌာန်းတဲ့ဥပဒေလည်းဖြစ်ပြီး ဥပဒေမရှိရင် အခွင့်အရေးသမားများက ဒီအခွင့်အရေးကိုယူပြီး ၎င်းတို့ကို လမ်းခင်းပေးရာရောက်တဲ့အတွက် ၎င်းတို့လျှောက်လာမှာကို ကျွန်တော်တို့အနေနဲ့ တားဆီးဖို့လည်း လိုအပ်လာပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေဟာ မရှိမဖြစ်ထားရှိသင့်တဲ့ဥပဒေဖြစ်ပြီးတော့ ကျွန်တော်တို့ နောင်ပေါ် ပေါက်လာမယ့်ဥပဒေအသစ်ကြီး မပေါ်မချင်း ရွှေ့ဆိုင်းထားသင့်ကြောင်း ဒီလွှတ်တော်မှာ ဆက်လက်ဆွေးနွေးရန်မသင့်ကြောင်းကို ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို အားလုံးကိုယ်စား တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (The Emergency Act) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်တို့တင်ပြတဲ့ဟာ အပိုင်းတစ်ပိုင်း ဒီကကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒီနေ့ကတော့ ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုကို လွှတ်တော်မှလက်ခံဆွေးနွေးရန် သင့်/မသင့်ဆိုတာကို ပိုပြီးသဘောပေါက်အောင် ရှင်းလင်းပြောကြားဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဦးဝင်းမြင့်တင်သွင်းတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ(The Emergency Act)ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် သင့်/မသင့်ဆုံးဖြတ်နိုင်ရန်အတွက် လွှတ်တော်ရဲ့ဆန္ဒရယူမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလက်ခံဆွေးနွေးရန်သင့်/မသင့်ဆိုသည့် အဆိုပြုချက်သည် ဦးဝင်းမြင့်တင်သွင်းတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်သင့်/မသင့် ဖြစ်ပါ

တယ်။ ဒါကြောင့် ဒီဟာသည် အဆိုပြုချက်ဖြစ်ပါတယ်။ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ကြားနေမဲ။ မိမိတို့ ဆုံးဖြတ်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ကျွန်တော်ပြောတာ ရှင်းတယ်ဆိုလို့ရှိရင် ဆက်လက်မဲပေးနိုင်ပါပြီ။ မရှင်းသေးဘူးဆိုလို့ရှိရင် ထပ်ပြီးတော့ မေးမြန်းနိုင်ပါတယ်။ ရှင်းတဲ့အတွက် ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမဲ ၅၀ မဲ၊ ကန့်ကွက်မဲ ၂၅၆ မဲ၊ ကြားနေမဲ ၁၇ မဲ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့မဲများတဲ့အတွက် ဦးဝင်းမြင့်တင်သွင်းတဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် မရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း ၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**